**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၁၇)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ ကြာသပတေးနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့(International Youth Day - 2026)အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၂

“နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့**(International Youth Day – 2026)** အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ တွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်မောင်မယ်များအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ နှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာ ဝန်ကြီးများ၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအဖွဲ့ဝင်များ၊


**စာမျက်နှာ ၁၆ ကော်လံ ၁** ☆

❖ **မြန်မာလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်၊ အဓိကအင်အားဖြစ်သည့်အတွက် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဦးတည်ဆောင်ရွက် . . .**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂျပန်နိုင်ငံတွင်ကျင်းပပြုလုပ်သည့် (၂၇)ကြိမ်မြောက် အထက်တန်းကျောင်းသားများ အနုပညာပွဲတော်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပန်းချီထူးချွန်ပညာရှင် (Winner ဆု) ရရှိခဲ့သည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မုဒုံ)မှ Grade-11 ကျောင်းသူ မသော်တာဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်




နေပြည်တော် ဩဂုတ် ၁၂

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလား ပြည်နယ်ကမ်းလွန်-ဘင်္ဂလားဒေ့ရှ် နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ် နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည်

**စာမျက်နှာ ၉ ကော်လံ ၃** ➔

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ကို ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော် နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေး ဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်

**စာမျက်နှာ ၇ ကော်လံ ၃** ⇨

**လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ဓာတ်အားဖြန့်ဖြူးရေးစနစ်အား Digital စနစ်သို့ ကူးပြောင်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်**

စာ - ၅ သို့

**ဆောင်းပါး**


**သာစည်နှင့်ပျော်ဘွယ်မြို့တို့တွင် ရထားလမ်းခုံးကျော်တံတားများ တည်ဆောက်ရန်လျာထား** စာ - ၅ သို့

**မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး** စာ - ၅ သို့

**ရေကြီးနစ်မြုပ်စိုက်ခင်းများ ပြန်လည်ပြုစုထိန်းသိမ်းရေး** စာ - ၂၅ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၃ ရက်)

# နောက်ခံမတူပြား ရည်မှန်းတူထား လူငယ်အား

မြန်မာနိုင်ငံသည် အနာဂတ်နိုင်ငံတော် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုရည်သန်လျက် လူငယ်များကို စနစ်တကျ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ လူသားအရင်းအမြစ်သည် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်၍ လူငယ်များကိုစနစ်တကျပျိုးထောင်သည့်နေရာတွင် လူငယ်ရေးရာဝန်ကြီးဌာနကို သီးသန့်ဖွင့်လှစ်ပေးထားသည်။ နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတို့တွင် လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုများမှာ အလွန်ပင်အရေးပါလှသည်။

၁၉၇၀ ပြည့်နှစ်ကျော်ကာလများအတွင်း ကမ္ဘာ့လူဦးရေတွင် လူငယ်အချိုးအစားမြင့်တက်လာခြင်းကြောင့် လူငယ်များ၏အခန်းကဏ္ဍကို အလေးထားဆောင်ရွက်ပေးရန်အခြေအနေတစ်ရပ်ဖြစ်လာခဲ့သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၇၉ ခုနှစ်တွင် ဆုံးဖြတ်ချက်အမှတ် ၃၄/၁၅၁ ဖြင့် ၁၉၈၅ ခုနှစ်ကို "ပါဝင်ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး"ဟူသောဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာလူငယ်များနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင်ကျင်းပသည့် (၅၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံမှ ဆုံးဖြတ်ချက်အမှတ် ၅၄/၁၂၀ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာလူငယ်များနေ့" အဖြစ်သတ်မှတ်ခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့မှစတင်၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ပထမဆုံးအကြိမ်ကျင်းပခဲ့ရာ ယခု ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့သည် (၂၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဖြစ်သည်။ ယခုနှစ်အတွက် သတ်မှတ်ထားသောဆောင်ပုဒ်မှာ"နောက်ခံ မတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား" "Different Contexts, Common Aspirations" ဖြစ်သည်။ လူငယ်များ၏ဘဝအခြေအနေများသည် ၎င်းတို့နေထိုင်သည့်နိုင်ငံများနှင့်ဒေသများအလိုက် ကွဲပြားမှုရှိနေသော်လည်း ၎င်းတို့၏မျှော်မှန်းချက်များနှင့်ရည်မှန်းချက်များမှာ ခြားနားမှုမရှိဘဲ အလွန်တူညီကြသည်ကို အလေးထားဖော်ပြခြင်းဖြစ်သည်။

လူငယ်များသည် ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းရန် လက်တွေ့ကျပြီး ဖန်တီးမှု အပြည့်ရှိသောနည်းလမ်းများကိုဖော်ဆောင်နိုင်စွမ်းရှိသည်။ ထူးချွန်ထက်မြက်အောင် ကြိုးစားနိုင်ကြသည်။ မြန်မာနိုင်ငံတွင် လူငယ်များအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေကြရမည်။ အနည်းဆုံး အလယ်တန်းအဆင့်အောင်မြင်ပြီးမြောက်ရမည်။ KG+9 ကိုတတ်မြောက်ပြီးသည်နှင့် နှစ်သက်ရာအသက်မွေး ဝမ်းကျောင်းပညာများကို ဆက်လက်သင်ကြားနိုင်သည့်အခွင့်အရေးပေးအပ်ထားသည်။

ကျောင်းနေအရွယ်တွင်လည်း ဗလငါးတန်ပြည့်ဝစေရေးအတွက် ဆရာ၊ ဆရာမများက အနီးကပ်နည်းပေး လမ်းပြသင်ကြားပေးလျက်ရှိသည်။ ပညာရေးထူးချွန်ထက်မြက်သလို အကျင့်စာရိတ္တပိုင်းတွင်လည်း ကောင်းမွန်နေရမည်ဖြစ်သည်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့်ဘောဂဟူသော ဗလငါးတန်ပြည့်ဝမှသာ အနာဂတ်နိုင်ငံတော်ကိုဦးဆောင်ရာတွင် စွမ်းရည်ပြည့်ဝသူများဖြစ်လာပေမည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်းစာရင်းအရ အသက် ၁၅ နှစ်မှ ၃၅ နှစ်အကြား လူငယ် ၁၇ သန်းခန့် ရှိသည်။ ၎င်းသည်မှာ နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းကျော်ဖြစ်သည်။ လူငယ်များသည် နိုင်ငံတိုင်းတွင် အတက်ကြွဆုံးနှင့်အင်အားအကောင်းဆုံးလူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အတွက် လူငယ်ကဏ္ဍကို အလေးထားခြင်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လူငယ်များကို မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ရောက်ရှိစေပြီး နိုင်ငံနှင့်ပြည်သူကို အကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်းများဖြစ်ပေါ်လာစေရန် လူငယ်ရေးရာမူဝါဒများချမှတ်အကောင်အထည်ဖော် နေခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် မိမိနိုင်ငံ၏အရေးကိစ္စများကို စိတ်ဝင်စားနေရမည်ဖြစ်သည်။ နိုင်ငံကို အကျိုးပြုသည့်စိတ်ဓာတ်များ ရှင်သန်နေရမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် လူငယ်များပါဝင်မဲပေးမှုရာခိုင်နှုန်းများပြားသည်ကိုကြည့်ခြင်းအားဖြင့် လူငယ်များသည် မိမိနိုင်ငံတိုးတက်ရေးကို စိတ်ဝင်တစားရှိကြောင်း ထင်ရှားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရက် ၁၀၀ ပြည့်တိုးတက်မှု အခြေပြမိန့်ခွန်းနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် **"လူငယ်တွေ အနေနဲ့ ပညာရေးမှာကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိ အောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေလျှော့စေချင်တယ်။ လူငယ်တွေကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်"**ဟူ၍ ထည့်သွင်း ပြောကြားခဲ့သည်။

အသိဉာဏ်ပညာနှင့်ကိုယ်ကျင့်တရား မျှတစွာဖွံ့ဖြိုးသည့်လူတော်လူကောင်းများဖြင့်သာ ခေတ်မီဖွံ့ဖြိုး တိုးတက်သောဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပေရာ မျိုးဆက်သစ်လူငယ်များ အနေဖြင့် "နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား"ဆောင်ပုဒ်နှင့်အညီ နိုင်ငံနှင့်ပြည်သူများအကျိုး သယ်ပိုးရွက်ဆောင်အောင်မြင်နိုင်သူများ ဖြစ်ပါစေကြောင်း။ ။

# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းဆောင်ရွက်

**အောင်လံ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မြို့နယ်အတွင်းရှိ အများပြည်သူများ ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းမှစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် လူစည်ကားရာနေရာများသို့ လှည့်လည်၍ အသံချဲ့စက်ဖြင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးနှိုးဆော်ခြင်းနှင့် ရေဘေးအန္တရာယ်အသိပညာပေးလက်ကမ်းစာစောင် များဖြန့်ဝေခြင်းကို ဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးနှိုးဆော်ရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်သူဇာနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သည့်ပူးပေါင်းအဖွဲ့သည် မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းရေဝင်ရောက်နိုင်သည့်နေရာများတွင် နေထိုင်ကြသည့်ပြည်သူများအနေဖြင့် ရေဘေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့်အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရမည့်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရမည့်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရမည့်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များကို အသံချဲ့စက်ဖြင့် လှည့်လည်၍ အသိပညာပေးနှိုးဆော်ကြသည်။

ထို့ပြင် မြို့ပေါ်ရပ်ကွက်များနှင့် လူစည်ကားရာလမ်းဆုံနေရာများတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လျှင် ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များပါဝင်သည့် ရေဘေးအန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

# ကျောက်မြောင်းမြို့နယ်ခွဲ၌ ပဲတီစိမ်းသီးနှံလျာထားကေထက် ပိုမိုစိုက်ပျိုး

**ကျောက်မြောင်း ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းသီးနှံ ၂၆၈၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၃၉၀၆ ဧကစိုက်ပျိုး ပြီးစီးနေပြီဖြစ်သည်။

"ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲတီစိမ်း ၂၆၈၆ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၃၉၀၆ ဧကစိုက်ပျိုးပြီးစီး နေပြီဖြစ်ပါတယ်။ လက်ရှိ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ဧကထက် တိုးချဲ့စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့ စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု ကျောက်မြောင်း မြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောသည်။

ကျောက်မြောင်းမြို့နယ်ခွဲ၌ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက် လျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲမျိုးစုံသီးနှံ စိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်း မျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများ စသည်တို့ကို တောင်သူများ နှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ် စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာ အသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့်ရာသီဥတု အခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ် များပြောင်းလဲစိုက်ပျိုးရေးတို့လိုအပ်ကြောင်း သိရ သည်။

(၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၃-၈-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

မြဝတီ နေ့စဉ်
the Myawady Daily

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုနှင့် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုပေးပွဲကျင်းပ




ရန်ကုန် ဩဂုတ် ၁၂

(၃၂) ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုနှင့်ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ စာဆိုဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဝင်များ၊ စာရေးဆရာ၊ ဆရာမကြီးများ၊ စာပေဆုရပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက အမှာစကားပြောကြားရာတွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာစာပေပညာရှင်တို့၏ ဝိုင်းဝန်းကြိုးပမ်းမှုများပါဝင်သလို စာပေပညာရှင်များကို ချီးမြှောက်သည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကစာပေဆုတည်ထောင်သူများ၏ အားစိုက်ထုတ်မှုသည်လည်း အဓိကကျပါကြောင်း၊ ပခုက္ကူဦးအုံးဖေ စာပေဆုသည် ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သည့်အတွက် သက်တမ်းရှည် ပုဂ္ဂလိက စာပေဆုတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ဆုချီးမြှင့်ပွဲတွင်တစ်သက်တာစာပေဆုအပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆုနှင့်သုတေသနစာပေဆု စုစုပေါင်း ၁၃ ဆုကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ဆုရရှိသူ စာရေးဆရာ၊ ဆရာမကြီးများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပခုက္ကူစာပေတစ်သက်တာဆုရရှိကြသည့် ဦးဖေငြိမ်း(ကျော်စောဟန်)နှင့် ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)တို့ကို ဆုများပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ပခုက္ကူစာပေဆုဝတ္ထုရှည်၊ ပခုက္ကူစာပေဆုဝတ္ထုတိုပေါင်းချုပ်၊ ပခုက္ကူစာပေဆု သုတေသနစာပေ၊ ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ်၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ပထမ၊ ဒုတိယ၊ တတိယဆုနှင့် ပခုက္ကူဦးအုံးဖေ ပညာသင်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက ရှင်းလင်းပြောကြားပြီး ပခုက္ကူစာပေ တစ်သက်တာဆုရ ဆရာဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)နှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုရ ဆရာမောင်မိုးတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စာပေဗိမာန်၌ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့်စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာစာပေတိုးတက်ရေးသည် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်သူလူထု ဗဟုသုတရစေရန်နှင့် မြန်မာစာပေတိုးတက်ရေးအတွက် စာအုပ်စာပေများထုတ်ဝေခြင်း၊ စာတမ်းဖတ်ပွဲများ၊ စာပေဆွေးနွေးပွဲများ၊ စာပေစကားဝိုင်းများ အပါအဝင် စာပေနှင့်ပတ်သက်သည့် ချီးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရှင်ကြီးများအနေဖြင့် မိမိတို့၏ဉာဏ်ပညာ၊ အတတ်ပညာ၊ အတွေ့အကြုံတို့ကို ကိုယ်ပိုင်အချိန်ပေးပြီး စာပေဆုစိစစ်ရွေးချယ်ရေးလုပ်ငန်းများအား အလေးထားပြီးဆောင်ရွက်ကြသည်ကို တွေ့ရပါကြောင်း၊ စာပေဆုစိစစ်ရွေးချယ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းတင့်၊ စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

မြဝတီ

# စဉ့်ကိုင်မြို့နယ်တွင် ဒုဋ္ဌဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်



မန္တလေး ဩဂုတ် ၁၂

မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များကြောင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ရေမြင့်တက်ခဲ့ပြီး ကျေးရွာအုပ်စု ရှစ်ခု၊ ကျေးရွာ ၂၄ ရွာတွင် မြစ်ရေဝင်ရောက်ခဲ့သဖြင့် ရေဝင်ရောက်နေမှု၊ မြစ်ရေများ ကျေးရွာများအတွင်းဖြတ်၍ အင်းအတွင်းစီးဆင်းနေမှု၊ အခြေခံပညာကျောင်းများယာယီပိတ်ထားရမှုတို့ကိုယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာအုပ်စု ဆယ့်နှစ်ကိုင်းကျေးရွာ၊ ပလိပ်ကျေးရွာအုပ်စု အင်းလျား(န)ကျေးရွာ၊ တံတားဦးလေး+သာယာကျွန်းကျေးရွာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပလိပ်ကျေးရွာအုပ်စုရှိ ရတနာလာဘမုနိဆုတောင်းပြည့်မြွေဘုရားဓမ္မာရုံ၌ ရေဘေးသင့် ပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျန်းမာရေးဆိုင်ရာ အသိပေးချက်များကို အထူးဂရုပြုလိုက်နာနေထိုင်ကြရန်၊ ရေဝင်နစ်မြုပ်ထိခိုက်ခဲ့သည့် စိုက်ပျိုးမြေများတွင် စနစ်တကျပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့်စက်ကိရိယာများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရေပြန်လည်ကျဆင်း၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပါက နေရပ်အသီးသီးသို့ပြန်လည်နေထိုင်နိုင်ရေး၊ ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်းပြောကြားပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများကို ချီးမြှင့်ငွေများပေးအပ်သည်။

ဒုဋ္ဌဝတီမြစ်ရေမြင့်တက်မှုကြောင့်မြစ်ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ ၁၄၉၇ အိမ်၊ အိမ်ထောင်စု ၁၆၀၉ စုမှ လူဦးရေ ၅၈၀၅ ဦး ရေဘေးသင့်ခဲ့ပြီး မိုးစပါး ၂၈၆ ဧက၊ နေကြာ ၅၇ ဧက၊ ပဲမြစ် ၇၃ ဧက၊ ဟင်းသီးဟင်းရွက် ၁၉၁ ဧက၊ အခြားပဲ ၇၄ ဧက၊ ငှက်ပျော ၁၀ ဧက၊ ဖူးစားပြောင်း ၇ ဧက စုစုပေါင်း ၆၉၈ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ မူလတန်းလွန်ကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်း ငါးကျောင်းတို့ ယာယီပိတ်ထားခဲ့ကြောင်း၊ ရေဝင်ရောက်ရာဒေသများတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီရွှေ့ပြောင်းခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ရာဝတီမြစ်ရေ၊ သံလွင်မြစ်ရေ၊ စစ်တောင်းမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေစိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၂

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၃၅ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၆ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈၂ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာ ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၀၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂၀ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဘားအံမြို့နယ်၊ မဒေါက်မြို့နယ်နှင့် မြစ်ငယ်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

မောင်သက်ညွန့်လည်း နှုတ်ခမ်းကိုကိုက်လျက် "မထင်ပါဘူးဗျာ" ဟု ပြောလျှင်–

"ရှင့်ကို ကျွန်မက မောင်နှမလို ယုံကြည်အားထားပြီး နေမိလို့ ရှင်ကဒီလိုစော်ကားတာပေါ့လေ၊ ကိုထွန်းမြတ်ရှိရင် ရှင် ဒီလိုပြောဝံ့မလား၊ ဆုတ်ပါ သွားပါမယ်" ဟုပြော၍ ထွက်သွားလေလျှင် မောင်သက်ညွန့်သည် အတင်းကပ်၍ လိုက်ပြီးလျှင် "ကျွန်တော်က အမှတ်တမဲ့ လွှတ်ခနဲပြောမိတာများ ဗွေမယူပါနဲ့ ခင်ရယ်၊ ရှေးကလိုပဲ ကိုထွန်းမြတ်မရှိတဲ့အခါ မောင်လိုနှမလို စောင့်ရှောက်ပြီးနေပါရစေ"

"ဒီလိုအောက်မေ့မိလို့ အခု ဒီလိုအပြောခံရတယ် မဟုတ်ဘူးလား၊ ကိုထွန်းမြတ်က မသိရှာလို့ သူ့ဇနီးကို စောင့်ရှောက်တဲ့အတွက် ကျေးဇူးတင်စကားပြောသွားတာ၊ ဒီလိုမှန်းသိရင်လေ ရှင့်ကိုလား..."

"မှားပါတယ် ခင်ရယ်၊ မှားမိပါတယ်၊ ကျွန်တော်လည်း ဒီအတွက် တောင်းပန်ပါတယ်၊ နောက်ကိုလည်း ဒီလိုမမှားစေရပါဘူး၊ ကိုယ့်စိတ်ကိုလည်း ကိုယ်အပုံကြီးချုပ်တည်းပါတယ်၊ ချုပ်တည်းလို့မရနိုင်ဘဲ အမှတ်တမဲ့လွှတ်ခနဲထွက်သွားမိတဲ့အတွက်..."

ခင်စိန်ကြည်သည် ရပ်နေသော မြင်းရထားတစ်စီးပေါ်သို့ ရုတ်တရက်တက်သွား၍ တံခါးကိုပိတ်ပြီးလျှင် ရထားသမားအား မိမိနေရပ်ကိုပြော၍ မောင်းသွားလေ၏။ မောင်သက်ညွန့်မှာ စကားလက်စမသတ်ရဘဲ လမ်းတွင်ရပ်လျက် အင်္ကျီအိတ်ကို လက်နှိုက်ပြီးလျှင် နှုတ်ခမ်းကိုကိုက်ကာ ရထားကိုငေး၍ ကြည့်နေရစ်လေ၏။


နောက်တစ်နေ့ညနေ၌ မောင်ထွန်းမြတ်သည် မိတ္ထီလာဘူတာရုံမှဆင်း၍ ပျာယီးပျာယာနှင့်လာပြီးလျှင် အိမ်သို့ရောက်၍ ခင်စိန်ကြည်နှင့်တွေ့လျှင် "အမယ်လေးလန့်လိုက်တာဗျာ၊ ဘယ့်နှယ်ကြောင့် ဒီလိုအလန့်တကြားလုပ်ရတာတုံး ခင်ရဲ့၊ ကြေးနန်းရတော့ ည ၁၁ နာရီလောက်ရှိပြီ၊ ညရထားကလည်း မရှိတော့ ညတွင်းချင်းလည်းမလာနိုင်၊ မိုးကလည်း လင်းခဲလိုက်တာလေ၊ တကယ်ဆိုတော့ ဘယ်လိုအကြောင်းကြောင့်ဆိုတာ ထည့်ရိုက်လိုက်ပါတော့၊ ယခုတော့ ဘာမှန်းမသိညာမှန်းမသိဘဲနဲ့၊ အစ်မကြီးကတော့ပြောပါရဲ့ ဘာမှမဖြစ်ပါဘူးကွယ်၊ မင့်လာစေချင်လို့ ရိုက်လိုက်တာပါတဲ့၊ အကြောင်းထူးရင် ထည့်ရိုက်လိုက်မှာပေါ့တဲ့၊ ဘာဖြစ်လို့လဲခင် ပြောစမ်းပါ" ဟုမေးလျှင်–

"အစ်မကြီး ဒီတစ်ခါ တော်တော်အတွေးကောင်းသားပဲ" ဟု ပြုံးလျက်ပြောလျှင်–

"ကြည့်စမ်း၊ ကြည့်စမ်း ခင်ကတော့ ကျီစားလိုက်တာပေါ့လေ၊ ဒီကတော့ တစ်ညလုံး တစ်ရေးမှ မအိပ်နိုင်ဘူး၊ တတ်လည်းတတ်နိုင်တယ်ဗျာ၊ ကဲ... ဘာမှမဖြစ်ရင်ဖြင့် မနက်ဖြန်ခါ အရေးကြီးတဲ့အမှုကြီးတစ်ခုက ချိန်းထားလို့ ဒီကနေ့ည မောင် ပြန်ရလိမ့်မယ်၊ ခင်လည်း ရက်စေ့လုပါပြီ၊ နောက်ခုနစ်ရက်လောက်လိုပါတော့တယ်" ဟုပြောလျှင် ခင်စိန်ကြည်လည်း ခင်ပွန်းနားသို့ကပ်၍ "ခင်လည်း ဒီကနေ့ည ရက်စေ့ပြီ" မျက်နှာထားတစ်မျိုးနှင့် ပြောလေ၏။

မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်၏မျက်နှာကို ကြည့်လေလျှင် အရင်တစ်ခေါက်ကထက်ပင် ကျန်းမာ၍လာသည့်လက္ခဏာရှိသည်ကို မြင်ရသဖြင့် နောက်ထပ်၍ ရက်သတ္တပတ်ခန့်နေရလျှင် ရှင်းရှင်းပင်ပျောက်ချေတော့မည်ဟု အောက်မေ့သဖြင့် ရက်မစေ့မီ ပြန်၍မလိုက်ရန် အတန်တန်ပြောပါသော်လည်း ခင်စိန်ကြည်သည် မျက်ရည်စက်လက်နှင့် တောင်းပန်လျက်ရှိလျှင် "ဒီလောက်တောင် ခင်ပြန်လိုက်ချင်လိုက်တာပေါ့၊ မောင်ပြောတာက ခင့်အကျိုးပြောတာပါ၊ မောင်ကလည်း ခင့်ကို ယခုခေါ်သွားရမယ်ဆို ဝမ်းမသာဘဲရှိပါ့မလား၊ သို့သော် ဘာပြုလို့ဆိုတာ မောင့်ပြောစမ်းပါ၊ ပျင်းလို့ဆိုတာလည်း မဟုတ်သေးပါဘူး၊ ဒီပြင် အကြောင်းရှိပါလိမ့်ဦးမယ်" ဟုမေးလျှင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်နှင့် အကြောင်းမပါမီက မောင်သက်ညွန့်နှင့် ချစ်ကြိုက်ဖူးသည့်အတွက် မောင်သက်ညွန့်ရှိသည့်မြို့၌ မနေလိုကြောင်းကို ခင်ပွန်းဖြစ်သူကို ပြောလိုက်မည်ကြံပါသော်လည်း ပြောရန်စကားကို ပါးစပ်မှ မထွက်နိုင်သဖြင့်–

"ကလေးတွေလည်းလွမ်းလို့၊ ပျင်းလည်းပျင်းလို့" ဟုပြောလေ၏။



ကျွန်ုပ်တို့သည် ခင်စိန်ကြည်ကို သိကျွမ်းသည့်နေ့မှစ၍ ယနေ့တိုင် ခင်စိန်ကြည် ကြံပုံ၊ စည်ပုံ၊ ပြောပုံ၊ ဆိုပုံ၊ လုပ်ပုံ၊ ကိုင်ပုံတို့ကို ထောက်ချင့်၍ ကြည့်ခဲ့ပါလျှင် ခင်စိန်ကြည်သည် ဖြောင့်မတ်တည်ကြည်သောသဘောရှိကြောင်း၊ အမှားကိုပြုရန် ကြောက်ရွံ့ကြောင်း၊ အမှန်ကိုသာ ပြုလိုသောဆန္ဒရှိကြောင်း၊ စိတ်သဘောဖြူစင်ကြောင်း စသည်တို့ကို သိရှိနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ဖွယ်ရှိလေသည်။

ယင်းနေ့ညနေ၌ မောင်သက်ညွန့်သည် အိမ်သို့ဝင်လာ၍ ပြန်ကြမည်အကြောင်းကို ကြားသိရလျှင် ဇနီးမောင်နှံနှစ်ယောက်အား အနည်းငယ်မျှ မျက်နှာမပျက်ဘဲ နှုတ်ဆက်၍ ဘူတာရုံသို့ လိုက်ပို့လေ၏။ မောင်ထွန်းမြတ်လည်း မသိရှာသဖြင့် မောင်သက်ညွန့်အား ကျေးဇူးတင်ကြောင်းပြောပြီးလျှင် မန္တလေးသို့ အလည်သက်သက်လာရောက်၍ မိမိအိမ်၌တည်းခိုရန် ပင့်ဖိတ်လေ၏။

ရထားထွက်သွား၍ မောင်သက်ညွန့်သည် မီးတိုင်အောက်တွင်ရပ်လျက် မျှော်ကြည့်နေရစ်သည်ကို ခင်စိန်ကြည်မြင်လျှင် ဤလူ၏လက်တွင်းမှ လွတ်ပေတော့မည်ဟု ဝမ်းမြောက်သောစိတ်နှင့် ခင်ပွန်း၏ လက်မောင်းကိုကိုင်လိုက်လျှင် –

"ဘာပြုသလဲ ခင်၊ အေးလို့လား၊ စောင်ယူမလား"

"ဘာမှမဖြစ်ပါဘူး၊ ပျော်လွန်းလို့ပါ၊ ခင့်ကို နောက်တစ်ယောက်တည်း ဘယ်တော့မှခွဲမထားခဲ့နဲ့နော်"

"ဘယ်တော့မှ မခွဲပါဘူးခင်ရယ်၊ ယခုထားရတာတောင် ခင်စိတ်မချမ်းသာတာထက် မောင်ကသာပြီး စိတ်မချမ်းသာရပါသေးတယ်"

■ ■ ■ ■ ■

**အခန်း (၁၈)**

ခင်စိန်ကြည်သည် မိမိအိမ်သို့ ပြန်ရောက်စအခါ၌ သားသမီးတို့နှင့်တွေ့ရသည်တစ်ကြောင်း၊ မိမိကျန်းကျန်းမာမာရှိသည့်အပြင် မောင်သက်ညွန့်၏ လက်မှလွတ်၍ စိတ်ချရပေပြီဟု အောက်မေ့သည်တစ်ကြောင်းကြောင့် စိတ်နှလုံးချမ်းသာလျက်ရှိလေ၏။ သို့ရာတွင် ရက်အနည်းငယ်လွန်၍ နေသားကျလျက်ရှိလာလျှင် ရှေးအခါ ကျန်းမာစဉ်ကကဲ့သို့ ထကြွလှုပ်ရှားသွားလာလိုသော စိတ်လည်းမရှိ၊ လူ့ပြည်၌ ချစ်ခင်လောက်သောသူအားလုံးတို့သည် ရုတ်တရက်သေပျောက်၍သွားသဖြင့် ဂရုစိုက်လောက်သောသူဟူ၍ တစ်စုံတစ်ယောက်မျှမရှိဘိသကဲ့သို့ ပျင်းရိအားငယ်လျက် အလိုမပြည့်သောစိတ်သဘောရှိလေ၏။ ဤသို့ရှိစဉ်အခါ မောင်သက်ညွန့်၏အကြောင်းကို မိမိစိတ်မှ ကြိုးစားအားထုတ်၍ နှင်ထုတ်ပါသော်လည်း မထွက်ဘဲရှိရကား။ မိမိကိုယ်ကိုမိမိ အပြစ်တင်၍ စိတ်ဆိုးလျက်ရှိလေ၏။ ညဉ့်အခါ၌မူကား စိတ်ကိုအစိုးရသည့်အခါမဟုတ်သောကြောင့် အိပ်မက်မက်တိုင်း မောင်သက်ညွန့်၏အကြောင်းချည်းသာလျှင် မက်မြင်မိလေ၏။ တစ်ခါတစ်ရံ အိပ်မက်ရာမှ လန့်၍နိုးလျှင် အိပ်မက်ကို စိတ်ဆိုး၍ နောက်ထပ်လာပြန်မည်ကိုစိုးသောကြောင့် ခင်ပွန်းကိုနှိုးပြီးလျှင် တစ်ညဉ့်လုံးစကားပြော၍နေလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## လားရှိုးမြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြော



လားရှိုး ဩဂုတ် ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၌ အမှတ် (၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (လားရှိုး)မှ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၂ ရက်တွင် ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အမှတ် (၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (လားရှိုး)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်လင်းဦးက လမ်းလျှောက်သူများ လိုက်နာရန်အချက်များ၊ မီးပွိုင့်တွင် လိုက်နာရန်အချက်များ၊ ဆိုင်ကယ်စီးနင်းသူများ၊ ယာဉ်မောင်းသူများ လိုက်နာရန်အချက်များ၊ တခြားယာဉ်များအား ဦးစားပေးခြင်း၊ ခေတ္တရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း၊ ညအချိန်မောင်းနှင်ခြင်း၊ မိုးရွာနေစဉ် မောင်းနှင်ခြင်း၊ ယာဉ်တိုက်မှုဖြစ်လျှင် လိုက်နာရန်အချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေ၊ နည်းဥပဒေများကို အသိပညာပေးရှင်းလင်းပြောကြားရာ တက်ရောက်လာသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

အဆိုပါအခမ်းအနားသို့ အမှတ် (၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (လားရှိုး)မှ တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရေး ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်လင်း၊(မြဝတီ)**

## ပွင့်ဖြူမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

ပွင့်ဖြူ ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရန်နှင့် လိမ္မာယဉ်ကျေးပြီး ဗလငါးတန်ဖွံ့ဖြိုးစေရန်၊ ထူးချွန်ထက်မြက်သော လူတော်လူကောင်းများဖြစ်လာစေရန် ရည်ရွယ်ကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၁ ရက်က ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်ဇင်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်းကြံ့ခိုင်ကောင်းမွန်ရေး လိုက်နာရမည့် ကျင့်ဝတ်တာဝန်များကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး



ရန်ကုန် ဩဂုတ် ၁၂

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE သည် ၂၀၂၆ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးရန် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တော်ဝင်လမ်း အမှတ်-၁(အေ)ရှိမြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးသို့ ယနေ့မွန်းလွဲ ၂ နာရီတွင် သွားရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှသံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE သည် ၂၀၂၁ ခုနှစ် မတ်လမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ (၉)ကြိမ်မြောက်နှင့် ၂၀၂၆ ခုနှစ် မတ်လတွင် (၁၀)ကြိမ်မြောက် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ကွယ်လွန်ချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ယခုကွယ်လွန်ချိန်တွင် အသက် (၇၀)နှစ်ရှိပြီဖြစ်ကြောင်းသိရှိရသည်။ **မြဝတီ**

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H. E. Mr. Nguyen Anh Duc ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် လက်ရှိအခြေအနေနှင့်ကိုက်ညီပြီး နှစ်နိုင်ငံအကျိုးစီးပွားများအား ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ပုစွန်မွေးမြူရေးကဏ္ဍအတွက် သားဖောက်ပြုစုခြင်းနည်းစနစ်များ၊ အဆင့်မြင့်မွေးမြူရေးနည်းပညာများ၊ ဇီဝလုံခြုံရေးဆောင်ရွက်မှုနှင့် ငါး/ ပုစွန်ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးနည်းပညာများ အပြန်အလှန်ဖလှယ်ရယူဆောင်ရွက်နိုင်ရေး၊ တိရစ္ဆာန်အစာထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသန၊ နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# သာစည်နှင့်ပျော်ဘွယ်မြို့တို့တွင် ရထားလမ်းခုံးကျော်တံတားများတည်ဆောက်ရန်လျာထား

နေပြည်တော် ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သာစည်နှင့် ပျော်ဘွယ်မြို့တို့တွင် ရထားလမ်းခုံးကျော်တံတားများ တည်ဆောက်ရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရထားလမ်းခုံးကျော်တံတား (သာစည်) သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ ပြည်ထောင်စုလမ်းမကြီး (AH2) မိတ္ထီလာ – တောင်ကြီး – ကျိုင်းတုံ – တာချီလိတ်လမ်း မိုင်တိုင်အမှတ်(၁၃/၀-၁) ကြားတွင်တည်ရှိ၍ ရန်ကုန် - မန္တလေး ရထားလမ်း (ပျော်ဘွယ် – သဲတော) အပိုင်း သာစည်ဘူတာရုံမရောက်မီ ပေ ၁၃၀၀ အကွာနှင့် မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ်ကားလမ်းဆုံသည့်နေရာတွင် တည်ဆောက်ရန် လျာထားကြောင်းနှင့် ရထားလမ်းခုံးကျော်တံတား (ပျော်ဘွယ်) သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့လယ်တွင်တည်ရှိပြီး ပြည်ထောင်စုလမ်းမကြီး (AH1) ရန်ကုန်–တောင်ငူ–မန္တလေးလမ်း မိုင်တိုင်အမှတ် (၂၈၅/၇–၂၈၆/၀) အကြားတွင် တည်ဆောက်ရန် လျာထားဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုသို့ ရထားလမ်းခုံးကျော်တံတားများ တည်ဆောက်မည့်နေရာတွင် ပဏာမတိုင်းတာလေ့လာမှုဆောင်ရွက်နေခြင်းကို ယမန်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

အလားတူ ကျောက်ဆည်တက္ကသိုလ် သံကူကွန်ကရစ်နှစ်ထပ်ဆောင် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ရှင်းလင်းဆောင်၌ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက Myanmar National Building Code 2025 (MNBC)ကို ထုတ်ပြန်ထားပြီးဖြစ်၍ သတ်မှတ်ချက်များအတိုင်းလိုက်နာ တည်ဆောက်ရန်၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့များကလည်း အဆင့်လိုက် စစ်ဆေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်စစ်ဆေးရန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီစွာ အသုံးပြုတည်ဆောက်ရန်နှင့် လုပ်ငန်းစီမံချက်အတိုင်း ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး အဆောက်အဦတည်ဆောက်နေမှုနှင့် Recreation Center အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**မြဝတီ**



# လျှပ်စစ်ဓာတ်အားလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ဓာတ်အားဖြန့်ဖြူးရေးစနစ်အား Digital စနစ်သို့ ကူးပြောင်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှု လျော့နည်းပပျောက်စေရန်အတွက် ဓာတ်အားဖြန့်ဖြူးရေးစနစ်အား Digital စနစ်သို့ ကူးပြောင်းနိုင်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းဖြစ်သည့် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြုသက်တမ်း နှစ် ၂၀ ကျော်နေသည့် မီတာများအား လဲလှယ်ပေးခြင်း၊ မီတာအသစ်သုံးစွဲလိုသူများကို မီတာများ လျင်မြန်စွာတပ်ဆင်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရှိ မီတာစမ်းသပ်စစ်ဆေးရေးဌာနခွဲနှင့် ပစ္စည်းစီမံခန့်ခွဲရေးဌာနခွဲ စတိုအတွင်း Digital Smart Meter အသစ်များကို စနစ်တကျထိန်းသိမ်းထားရှိမှု၊ မီတာများ Test Bench ဖြင့် စမ်းသပ်စစ်ဆေးပြီး လုံခြုံရေး Seal ခတ်နှိပ်ကာ Bar Code Scanner ဖြင့် မီတာနံပါတ်၊ Serial နံပါတ်များ စာရင်းမှတ်၍ Server နှင့်ချိတ်ဆက်ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မီတာအသစ်များပေးပို့ရေးဆောင်ရွက်နေမှု၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့အတွင်း မီတာအသစ်တပ်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) ၌ Online မှ မီတာလျှောက်ထားလာပါက လွယ်ကူစွာ ဝန်ဆောင်မှုပေးနိုင်ရန် e-Meter Application Software လက်တွေ့အသုံးပြုခြင်း သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်သူများ မီတာကို Online မှ အလွယ်တကူလျှောက်ထားနိုင်ရေး၊ ဌာနမှသတ်မှတ်ထားသောကျသင့်ငွေဖြင့်သာ မီတာတပ်ဆင်ပေးနိုင်ရေး၊ ဝန်ထမ်းများအနေဖြင့် ပြည်သူသို့ ဝန်ဆောင်မှုအပြည့်အဝပေးပြီး မသမာမှုများမရှိစေရေးဆောင်ရွက်ရန် မှာကြားသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့အနေဖြင့် ယခင်မီတာလျှောက်ထားမှုများကို အမြန်ပြီးစီးအောင် တပ်ဆင်ပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်များသို့ အိမ်သုံးမီတာများ လုံလောက်စွာထုတ်ပေးပြီး စတင်တပ်ဆင်ပေးလျက်ရှိကြောင်း၊ Online စနစ်ဖြင့် မီတာလျှောက်ထားမှုများအတွက် မြို့နယ်များတွင် မီတာများ လုံလောက်စွာထားရှိပြီး အချိန်တိုအတွင်း တပ်ဆင်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။ **မြဝတီ**

# ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ စက်ပစ္စည်းများ သက်တမ်းပြည့်သုံးစွဲနိုင်ရေး ကြိုတင်စစ်ဆေးထိန်းသိမ်းမှုလုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မှာကြား



နေပြည်တော် ဩဂုတ် ၁၂

ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ စက်ပစ္စည်းများကို စွမ်းအားပြည့် သုံးစွဲနိုင်ရေးနှင့် သက်တမ်းပြည့်သုံးစွဲနိုင်ရေးအတွက်ကြိုတင် စစ်ဆေးထိန်းသိမ်းမှုလုပ်ငန်း အစီအမံများ ရေးဆွဲဆောင်ရွက်ရန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့ညနေပိုင်းတွင် အဆိုပါစက်ရုံအစည်းအဝေးခန်းမ၌ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူး၊ ဌာနတာဝန်ခံများ၊ အရာထမ်းများနှင့်တွေ့ဆုံစဉ် မှာကြားသည်။

ထို့ပြင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကုန်ကြမ်း၊ စက်အရန်ပစ္စည်းများကိုကြိုတင်စုဆောင်းထားရှိရန်၊ ကုန်ကြမ်း၊ ကုန်ချောများကို စနစ်တကျထားသိုနိုင်ရေးအတွက် စတိုစီမံခန့်ခွဲမှုစနစ်များကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရန်လည်း မှာကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဌာနကြီးများ၏ အမှာစာရရှိမှုနှင့် ဖြန့်ဖြူးပေးနေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ချင်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ဆီနှင့် အခြေခံ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်




ဖလမ်း ဩဂုတ် ၁၂

ချင်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှထောက်ပံ့ပေးအပ်သည့် ဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ ယာယီပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား အာဟာရဖြည့်စွက်စာများနှင့်ဆေးရုံအတွက်လိုအပ်သောဆေးဝါးများကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ဖလမ်းမြို့တော်ခန်းမနှင့် ဆေးရုံ၌ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် မြို့နယ်ဆည်မြောင်းဦးစီးဌာနအတွင်းရှိတစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်နေမှုကိုလည်းကောင်း၊ ပြန်လည်ပြုပြင်နေသည့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် သင်တန်းသား၊ သင်တန်းသူ အိပ်ဆောင်များကိုလည်းကောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့ရသည့် သင်ထောက်ကူပစ္စည်းများနှင့် စက်ကိရိယာများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီပိုင်ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်တီးတိန်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ ခုတင်- ၁၀၀ ဆံ့ပြည်သူ့ဆေးရုံ၊ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ၊ RC တစ်ထပ် ပြုပြင်ပြီးစီးမှုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းလယ်ပန်းခြံနှင့် မြေထိန်းနံရံတည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အလားတူ တွန်းဇံမြို့ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးသည် တစ်စိတ်တစ်ပိုင်းပျက်စီးသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ ) ကျောင်းဆောင် ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနရေကန်ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဒုတိယပိုင်းအစီအစဉ်အဖြစ် “လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ကြပါစို့” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ



နေပြည်တော် ဩဂုတ် ၁၂

ကမ္ဘာတစ်ဝန်းလုံးတွင်ရှိနေသည့်လူငယ်များ၏ ဆောင်ရွက်နိုင်စွမ်းများ၊ အရည်အသွေးများနှင့် အလားအလာကောင်းများကို အားပေးအသိအမှတ်ပြုပြီး လူငယ်များ၏ မတူကွဲပြားသောရည်မှန်းချက်များကို အကောင်အထည်ဖော်ပေးနိုင်စေရန်ရည်ရွယ်ချက်များဖြင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဒုတိယပိုင်းအစီအစဉ်ကို “လူငယ်ကဏ္ဍ အားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် MICC-1 ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကို အကောင်းဆုံးပုံဖော်ဖန်တီးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်အများအပြားကိုပိုင်ဆိုင်ထားခြင်းသည် ဆုလာဘ်တစ်ခုအဖြစ် ဝမ်းမြောက်စွာတွေ့ရှိရကြောင်း၊ လူငယ်ဆိုသည်မှာ အသက်အရွယ်ငယ်ရွယ်နုပျိုမှုတစ်ခုကိုသာ ဆိုလိုသည်မဟုတ်ဘဲ စိန်ခေါ်မှုများကိုရင်ဆိုင်ကျော်လွှားရဲသည့် ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံမှု၊ လောကကြီးကို ပိုမိုကောင်းမွန်အောင် ဆန်းသစ်သည့်အနေဖြင့် ပြောင်းလဲချင်သော စွန့်စားလိုသည့်စိတ်ဓာတ်၊ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လဖြင့်ကြိုးစားအားထုတ်မှုများစွာနှင့် အနာဂတ်၏ ခေါင်းဆောင်လောင်းများဖြစ်ကြောင်း၊ ယခုခေတ်လူငယ်များသည် လက်ရှိပစ္စုပ္ပန်ကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမျိုးစုံကို ကြောက်ရွံ့မှု အလျှင်းမရှိ၊ စိန်ခေါ်မှု၊ အခက်အခဲများကို ဖန်တီးမှုအခွင့်အလမ်းအမြင်ဖြင့် ပြောင်းလဲရင်ဆိုင်ကျော်လွှားပြီး လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုများကို ဖော်ဆောင်နေသူများဖြစ်ကြောင်း၊ “စွမ်းရည်ပြည့်ဝသောလူငယ်၊ အားကောင်းသော နိုင်ငံ၊ မျှဝေပိုင်ဆိုင်သောအနာဂတ်” ( Empowered Youth, Strong Nation, Share Future) အဖြစ်ပေါ်ထွန်းလာစေရန်အတွက် လူငယ်မောင်မယ်တို့၏ အိပ်မက်များ၊ မျှော်မှန်းချက်များ၊ ဆန်းသစ်သည့်အတွေးအခေါ်များ၊ စိန်ခေါ်မှုများကို ဖန်တီးမှုများနှင့် အခွင့်အရေးအမြင်အဖြစ် ရဲရဲဝံ့ဝံ့ဆက်လက်အကောင်အထည်ဖော်နိုင်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ “လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကိုကျင်းပရာ Naypyitaw State Academy မှ မောင်ထွဋ်မြတ်တင်ရွှေက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ကာ လူငယ်ငါးဦး ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် လူငယ်များ၊ စာစီစာကုံးဆုရကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ကြသည်။

လူငယ်စကားဝိုင်းသို့ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ အလွှာပေါင်းစုံမှ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆေးဝါး၊ သောက်သုံးရေနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



ပုသိမ် ဩဂုတ် ၁၂

ရေဘေးသင့်ပြည်သူများအား လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်နိုင်ရေးအတွက်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များသည် ယမန်နေ့နံနက်ပိုင်းက လေးမျက်နှာမြို့နယ်အတွင်းရှိ ထူပါရုံဘုရားရေရှောင်စခန်း၊ ချမ်းသာကြီးဘုရားရေရှောင်စခန်း၊ ခမောက်စုအုပ်စုအသောကရာမကျောင်းရေရှောင်စခန်း၊ ဖိုးသာညိုရိုးကျေးရွာနှင့် ကိုးနဝင်းကျောင်းရေရှောင်စခန်းတို့သို့ သွားရောက်ကြည့်ရှုသည်။

ထိုသို့သွားရောက်စဉ်ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ဆေးဝါးများ၊ သောက်သုံးရေနှင့်စားသောက်ဖွယ်ရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြပြီး ရေရှောင်စခန်းများတွင် ခေတ္တနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအား အားပေးစကား ပြောကြားသည်။

ရေဘေးအန္တရာယ်ကြောင့် အခက်အခဲကြုံတွေ့နေရသည့် ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေဘေးကာလအတွင်းစားဝတ်နေရေးနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ချက်များကိုကြည့်ရှုစစ်ဆေးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ ရေဘေးရှောင်စခန်းများမှ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့်ထောက်ပံ့ငွေများပေးအပ်



ညောင်ဦး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအထက် ဆက်လက်မြင့်တက်နေပြီး မြစ်ရေဝင်ရောက်နေသည့် မြေနိမ့်ပိုင်းရပ်ကွက်များမှအိမ်ထောင်စုများကို ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ပေးလျက်ရှိကာ ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၁၅၂ စု၊ လူဦးရေ ၅၉၄ ဦးတို့ကို ဆန်ရိက္ခာနှင့်ငွေသားကျပ် ၂၉ သိန်းကျော်ကို ထောက်ပံ့ပေးအပ်သည်။

ရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိသည့် အမှတ်(၁)ဆုတောင်းပြည့်ဘုရား၊ ဓမ္မာရုံ၊ အမှတ်(၂)ယွန်းတန်းဓမ္မာရုံ၊ အမှတ်(၄)ရပ်ရှစ်မျက်နှာကျောင်းဓမ္မာရုံ၊ အမှတ်(၅)ရပ်မြသိန်းတန်ဓမ္မာရုံ၊ အမှတ်(၇)ရပ်ရှိ မြသိန်းတန်ဘုရားဓမ္မာရုံတို့ရှိရေဘေးရှောင်ပြည်သူများအား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး ယခုကဲ့သို့ ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

ဆက်လက်၍ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသည့် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၄)၊ အမှတ်(၅) နှင့် အမှတ်(၇)ရပ်ကွက်ရှိ ရေဝင်ရောက်ရာနေရာများ၊သာယာဝတီစက်လှေဆိပ်၊ဧရာစက်လှေဆိပ်နှင့်လောကနန္ဒာဘုရားသွားကားလမ်းရေကျော်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှတာဝန်ရှိသူတို့က ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

**⇨ ရှေ့ဖုံးမှအဆက်**

ပုဂ္ဂလိကဘဏ်(၁၆)ဘဏ်တို့မှ တစ်ဆင့်အာမခံပစ္စည်းပေးအပ်၍ဖြစ်စေ၊ ချေးငွေအာမခံ Credit Guarantee Insurance–CGI စနစ်ဖြင့်ဖြစ်စေ ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

၂။ MSME ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်/ခရိုင် MSME အေဂျင်စီများတွင် ချေးငွေလျှောက်ထားရမည်ဖြစ်ပြီး MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ**
- အသေးစားနှင့်အငယ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် (၅၀) သန်းအထိ
- အလတ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် (၁၀၀) သန်းအထိ
- CGI စနစ်ဖြင့် ထုတ်ချေးခြင်း – ကျပ် (၅၀) သန်းအထိ
  (မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိက ဖက်စပ်အထွေထွေ အာမခံကုမ္ပဏီ(၃)ခု၊ ပြည်တွင်းပုဂ္ဂလိက အထွေထွေ အာမခံကုမ္ပဏီ (၆) ခုတို့မှ ဆောင်ရွက်ပေးမည်။)

( ခ ) **ချေးငွေအမျိုးအစားနှင့်အတိုးနှုန်း**
- ပုံသေပစ္စည်း (Fixed Capital) အနည်းဆုံး ( ၃၀% )နှင့်အထက် အသုံးပြုမည့် ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး (၃) နှစ်၊ အတိုးနှုန်း- ၃%
- လည့်ပတ်ငွေ (Working Capital) (၁၀၀%) အသုံးပြုမည့်ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး(၁)နှစ်(၆)လ၊ အတိုးနှုန်း- ၄%
- CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေ၊ အတိုးနှုန်း- ၅%
  (CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း ၅% အပြင် ချေးငွေအာမခံ (CGI) ပရီမီယံကြေးကို ထပ်ဆောင်းကျခံရမည်ဖြစ်ပါသည်။)

( ဂ ) **ချေးငွေအတွက်တင်ပြနိုင်သည့် အာမခံပစ္စည်းများ**
- မြေနှင့် အဆောက်အဦ၊
- စက်၊ ယာဉ်ယန္တရား၊
- ငွေစုလက်မှတ်၊
- အစိုးရငွေတိုက်စာချုပ်၊
- စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊
- အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များ၊
- ချေးငွေအာမခံ Credit Guarantee။

(ဃ) **အာမခံအဖြစ်လက်ခံဆောင်ရွက်ပေးမည့် မြေအမျိုးအစား**
- ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ၊ လန (၃၉)မြေ၊ (၃)(ခ)မြေ၊ လယ (၃၀)(က) (ခ)မြေ၊ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ (၇)၊ စက်မှုစီးပွားဂရန်။

( င ) **အာမခံအဖြစ်လက်ခံဆောင်ရွက်ပေးမည့် အဆောက်အဦအမျိုးအစား**
- ကွန်ကရစ်တိုက် (RC) ၊ အုတ်ညှပ်အဆောက်အဦ၊ တိုက်ခံအိမ်၊ အုတ်ပတ်ကားတိုက်အဆောက်အဦ၊ Steel Structure ၊ (၆)ထပ်နှင့်အထက်ကွန်ဒိုတိုက်ခန်း။

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှချေးငွေရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်းများတင်ပြ၍ ချေးငွေလျှောက်ထားနိုင်ပါကြောင်းနှင့် အာမခံပစ္စည်းပေးအပ်နိုင်ခြင်းမရှိပါက ချေးငွေအာမခံ Credit Guarantee Insurance – CGI စနစ်ဖြင့် ချေးငွေပမာဏ အများဆုံးကျပ်(၅၀)သန်းအထိ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ဘားအံ ဩဂုတ် ၁၂

ကရင်ပြည်နယ်ဘားအံမြို့ရှိရေဘေးသင့် အိမ်ထောင်စုများအား ဘေးလွတ်ရာ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သော ဆန်ရိက္ခာဖိုးနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥအစရှိသောစားသောက်ကုန်ပစ္စည်းများထောက်ပံ့ပေးအပ်သည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ပဒုမ္မာလမ်းရှိ မိုးလုံလေလုံအားကစားရုံ ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေရာချထားပေးသော အိမ်ထောင်စုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ရေဘေးသင့်အိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေ ၃၈၅၅၀၀၀ နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥအစရှိသော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့အတူ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်ရှိ လေသာကျောင်းယာယီရေဘေးကယ်ဆယ်စခန်းရှိရေဘေးသင့်အိမ်ထောင်စုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေ ၁၁၇၀၀၀၀ နှင့်ကရင်ပြည်နယ်အစိုးရအဖွဲ့မှထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥအစရှိသော စားသောက်ကုန်ပစ္စည်းများကိုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားများကျင်းပ

## ရန်ကုန်

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် လူငယ်စင်တာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူ တက်ရောက်အမှာစကားပြောကြား၍ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ခင်းကျင်းပြသထားသည့် ၂၀၂၆ ခုနှစ်



အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



## ထားဝယ်

လူငယ်များ၏စွမ်းရည်၊ အရည်အချင်းနှင့် အခန်းကဏ္ဍများကို အလေးထားအသိအမှတ်ပြုရန်၊ လူငယ်များ ရင်ဆိုင်နေရသောအခွင့်အလမ်းများ၊ စိန်ခေါ်မှုများကို ကူညီအားပေးရန်၊ လူငယ်များ၏အသံ၊ အတွေးအမြင်များကို လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပိုမိုထိရောက်စွာ ပါဝင်နိုင်စေရန်နှင့် စွန့်ဦးတီထွင်လူငယ်များ ပိုမိုပေါ်ပေါက်လာစေရန် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ပြောကြားကာ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် လူငယ်ရေးရာလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ဆုရစာစီစာကုံးများ၊ သုတရသစာအုပ်စာစောင်များကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပဲခူး

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၁)ရရှိသူ၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်နှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံးတွင် စက်မှုအတတ်ပညာ



(လျှပ်စစ်)ထူးချွန်အဆင့်ရရှိသူနှင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်နှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံးတွင် စိုက်ပျိုးရေး အတတ်ပညာအဆင့် (၄) ရရှိသူတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။ **ဥဿာတိုင်းသား**




## မြစ်ကြီးနား

အနာဂတ်နိုင်ငံတော်အတွက် ယနေ့လူငယ်များ၏စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းပြည်ချစ်စိတ်၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့အပေါ်တွင် မှီတည်လျက်ရှိရာ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့်ဗလငါးတန်နှင့် ပြည့်စုံပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်မှ မြန်မာ့လက်ရွေးစင်အဖြစ် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂျူဒိုအားကစားနည်းဖြင့် ဆုတံဆိပ်ရရှိခဲ့သူ ၂ ဦး၊ ကစ်ဘောက်စင်အားကစားနည်းဖြင့် ဆုတံဆိပ်ရရှိခဲ့သူ ၁ ဦး၊ ဝူရှူးအားကစားနည်းဖြင့် ဆုတံဆိပ်ရရှိခဲ့သူ ၂ ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး လူငယ်စွမ်းရည်လက်မှုပညာ၊ သိပ္ပံပညာပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မကွေး



၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်လူငယ် ၁၈ ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

## တောင်ကြီး

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းအဖွဲ့မှ စာရေးဆရာမ ငွေခြည်လင်းလက်က ဗလငါးတန်ဖြင့် အနာဂတ်ကို တည်ဆောက်ကြစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myanmar Youth Fellowship မှ Mind Specialist ဆရာ ဦးတင်နိုင်ထွန်းက လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေးအတွက် လေးလေးနက်နက်စဉ်းစားတွေးခေါ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြပြီး ဉာဏ်စမ်းပြိုင်ပွဲကျင်းပကာ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## မော်လမြိုင်

လူငယ်များအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများအပါအဝင် မျိုးဆက်သစ်လူငယ်များ၏ စုစည်းညီညွတ်မှုဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားတွင် တိုက်တွန်းမှာကြားကာ မွန်ပြည်နယ်မှ ကဏ္ဍအလိုက်ထူးချွန်လူငယ်များဖြစ်သည့် ထူးချွန်လူငယ် ၂၂ ဦးနှင့် အားကစားသမား ၅ ဦး၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ ၆ ဦးနှင့် အားကစားပြိုင်ပွဲတွင် ဆုရရှိသူ ၆၀ ဦးတို့ကို ဂုဏ်ပြုဆုများပေးအပ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# လူငယ်တစ်ဦးချင်းစီမှာ မတူညီတဲ့အတွေးအခေါ်တွေရှိပါတယ်။ ဒီလိုပွဲမျိုးတွေလုပ်ပေးခြင်းအားဖြင့် လူငယ်တွေရဲ့အတွေ့အကြုံတွေကို sharing လုပ်ခွင့်ရမှာဖြစ်ပါတယ်။ လူငယ်အချင်းချင်းပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်မယ့်အခွင့်အရေးရရှိမှာဖြစ်ပါတယ်။

**မမြမဥ္ဇူလှိုင် (ကယားပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

"နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား" ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ၌ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူ၊ ပြခန်းတာဝန်ခံ၊ ထူးချွန်ဆုရရှိသူ၊ လူငယ်ကိုယ်စားလှယ်များ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။


ဦးရဲရင့်


ဒေါ်သူဇာဝင်း


မသော်တာဦး


မောင်သူရဟိန်းထက်


မလွန်းငမ်းညောင်


မမြမဥ္ဇူလှိုင်


မနီလာဝင်း

**မသော်တာဦး(ထူးချွန်ဆုရရှိသူ)**

ကျွန်မက ဂျပန်နိုင်ငံမှာကျင်းပတဲ့ (၂၇)ကြိမ်မြောက် အထက်တန်းကျောင်းသားများ အနုပညာပွဲတော်မှာ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိခဲ့တဲ့အတွက်ကြောင့် အခုလို လူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားမှာ ဖိတ်ကြားလို့ ပါဝင်တက်ရောက်တာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အခုလို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ပထမဆုံးအနေနဲ့ တက်ရောက်ရတာဖြစ်လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုက သမ္မတကြီးကိုယ်တိုင်ပေးအပ်တဲ့ဆုကို လက်ခံရယူရတာမို့ ရင်ထဲမှာ အတိုင်းမသိဝမ်းသာပျော်ရွှင်မိပါတယ်။ လူငယ်တွေထဲမှာ ကျွန်မထက်တော်တဲ့ လူငယ်တွေ အများကြီးရှိပါတယ်။ လူငယ်တွေအနေနဲ့ ဖွဲ့မလျှော့ဘဲ အမြဲကြိုးစားကြဖို့တိုက်တွန်းအကြံပြုချင်ပါတယ်။

**မောင်သူရဟိန်းထက်(ကယားပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ကျွန်တော်တို့ လူငယ်တွေအတွက် အခုလိုပွဲတွေ စီစဉ်ပေးတဲ့အခါမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေအတွက် လူငယ်ကွန်ရက်တစ်ခု တည်ဆောက်လာနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေရဲ့ မတူညီတဲ့အတွေးအခေါ်တွေ၊ အယူအဆတွေ၊ အခက်အခဲတွေကို အချင်းချင်းဖလှယ်လာနိုင်မယ်။ ကျွန်တော်တို့ လူငယ်တွေရဲ့ leadership skill တွေ communication skill တွေလည်း ကောင်းလာမှာဖြစ်ပါတယ်။ ကိုယ်တိုင်လည်း လူငယ်တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် မဆုတ်မနစ်တဲ့ စိတ်ဓာတ်ခွန်အားနဲ့ ကိုယ့်ရဲ့ရည်မှန်းချက်၊ ကိုယ့်ရဲ့ ပန်းတိုင်ရောက်ရှိလာဖို့ ကြိုးစားကြစေလိုပါတယ်။

**မလွန်းငမ်းညောင်(ချင်းပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ဒီနေ့အခမ်းအနားကို ပါဝင်တက်ရောက်တဲ့အခါ မတူညီတဲ့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေနဲ့ သူတို့ဒေသတွေကနေ ထွက်ပေါ်လာတဲ့ စွန့်ဦးတီထွင်မှုပိုင်းဆိုင်ရာတွေကို လေ့လာခွင့်ရတယ်။ လူငယ်တစ်ယောက်အနေနဲ့ အကျိုးကျေးဇူးတွေ အများကြီး ရရှိပါတယ်။ ကျွန်မအနေနဲ့ လူငယ်အကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့တယ်။ ဒီနေ့ ၂၁ ရာစုမှာ လူငယ်တွေရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေနဲ့ လူငယ်တွေအတွက် ရရှိနိုင်မယ့်အခွင့်အလမ်းတွေအကြောင်းကို ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လူငယ်ဆိုတာ အနာဂတ်ရဲ့ အရင်းအမြစ်တွေဖြစ်တာမို့ တက်တက်ကြွကြွ စည်းစည်းလုံးလုံးနဲ့ ကြိုးစားကြမယ်ဆိုရင် ကျွန်မတို့နိုင်ငံက ဒီထက်မက ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

**မမြမဥ္ဇူလှိုင် (ကယားပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ဒီနေ့အခမ်းအနားမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ သူငယ်ချင်းအသစ်တွေ တွေ့ဆုံခွင့်ရမယ်၊ လူငယ်တွေအားလုံးတွေ့ဆုံပြီး သူတို့ရဲ့မတူညီတဲ့ အတွေ့အကြုံတွေကို သိခွင့်ရမယ်၊ လေ့လာခွင့်ရမယ်။ ဒါကြောင့် ပါဝင်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ လူငယ်တစ်ဦးချင်းစီမှာ မတူညီတဲ့ အတွေးအခေါ်တွေရှိပါတယ်။ ဒီလိုပွဲမျိုးတွေလုပ်ပေးခြင်းအားဖြင့်လူငယ်တွေရဲ့ အတွေ့အကြုံတွေကို sharing လုပ်ခွင့်ရမှာဖြစ်ပါတယ်။ လူငယ်အချင်းချင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်မယ့် အခွင့်အရေးရရှိမှာဖြစ်ပါတယ်။ လူငယ်တွေအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ပေးစေချင်ပါတယ်။ ကျွန်မတို့က နယ်ဘက်ကလည်း လာတာဖြစ်တဲ့အတွက် တချို့နေရာလေးတွေမှာ ပညာသင်ယူဖို့ အခက်အခဲလေးတွေရှိပါတယ်။ လူငယ်တွေကို ပြောချင်တာကတော့ အခုခေတ်က နည်းပညာတွေ တိုးတက်လာတာဖြစ်တဲ့အတွက် ပညာကို ဆက်တိုက်အဆက်မပြတ် သင်ယူပြီး နိုင်ငံအတွက် တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီပေးကြပါလို့ ပြောလိုပါတယ်။

**မနီလာဝင်း (ကချင်ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ကျွန်မက အခုလိုပွဲမျိုးကို ပထမဆုံးအကြိမ်တက်ရောက်ခွင့်ရတာဖြစ်ပါတယ်။ အခုလို တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိသလို အတွေ့အကြုံကောင်းတွေလည်း ရရှိမှာဖြစ်တဲ့အတွက် ပါဝင်တက်ရောက်တာဖြစ်ပါတယ်။ လူငယ်တွေကြားမှာ Artificial Intelligence-AI နည်းပညာက ရေပန်းစားပါတယ်။ AI နည်းပညာထွန်းကားလာတဲ့အချိန်မှာ အခွင့်အလမ်းတွေနဲ့အတူ စိန်ခေါ်မှုတွေပါ တွဲပြီးပါလာတာပါ။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့အတွက် လူငယ်တွေမှာ ကျွမ်းကျင်မှုစွမ်းရည်တွေ မရှိမဖြစ်လိုအပ်တယ်လို့ထင်ပါတယ်။

ဒီနေ့အခမ်းအနားမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လူငယ်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံခွင့်ရပြီး လူငယ်တွေအချင်းချင်း အတွေးအမြင်တွေ၊ အတွေ့အကြုံတွေကို သိရှိဖလှယ်ခွင့်ရမှာမို့ ဝမ်းသာပါတယ်။ ဒီနေ့ သိမြင်ရရှိမယ့်ဗဟုသုတတွေကို ကျွန်မတို့ ကချင်ပြည်နယ်ကို ပြန်ရောက်တဲ့အခါ ပြန်လည်ဆွေးနွေးမျှဝေပေးသွားချင်ပါတယ်။

**ဒေါ်သူဇာဝင်း( တာဝန်ခံ၊ ကရင်ပြည်နယ်လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်း)**

ဒီနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့မှာ ကရင်ပြည်နယ် လူငယ်လုပ်ငန်းရှင်တစ်ဦးအနေနဲ့ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို စီစဉ်ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်၊ ကရင်ပြည်နယ်ပြခန်းမှာ ကရင်ရိုးရာဂျပ်ခုတ်အထည်တွေ၊ ဒေသခံလုပ်ငန်းစွန့်ဦးတီထွင်လုပ်ငန်းရှင်တွေရဲ့ မှျစ်ချဉ်လုပ်ငန်း၊ စက်မှုကုန်ကြမ်းထုတ်ကုန်တွေကို အဓိကထားပြသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ် ထုံးအိုင်ဒေသနဲ့ ရွှေဂွန်း (ရွှေကွန်) ဒေသမှာရှိတဲ့ မြေပဲလှော်လုပ်ငန်းက မြေပဲတွေကိုလည်း ပြသသွားမှာဖြစ်ပါတယ်။ ကရင်ရိုးရာဂျပ်ခုတ်လုပ်ငန်းကို အစဉ်အဆက်ရိုးရာထိန်းသိမ်းတဲ့ အမွေအနှစ်တစ်ခုအနေနဲ့ ရေရှည်တည်တံ့ပြီး မပျောက်ပျက်အောင် ထိန်းသိမ်းစေချင်တဲ့စိတ်နဲ့ ကရင်ရိုးရာဂျပ်ခုတ်ကို လူငယ်စွန့်ဦးတီထွင်မှုအနေနဲ့ အခုခေတ်နဲ့ကိုက်ညီတဲ့ ဒီဇိုင်းဖန်တီးမှုရေးဆွဲပြီး လာရောက်ပြသခြင်းဖြစ်ပါတယ်။ ကရင်ပြည်နယ်ကထွက်တဲ့ ဝါဂွမ်းအပါအဝင် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကနေ ထွက်တဲ့ ဝါချည်တွေကို ယူပြီး လက်ရက်ကန်းဂျပ်ခုတ်အနေနဲ့ ထုတ်လုပ်ထားတဲ့ ပဝါတွေ၊ စောင်တွေ၊ လုံချည်တွေပါဝင်ပါတယ်။

အဓိက ဒီပွဲတက်ရောက်တဲ့ မျှော်လင့်ချက်ကတော့ လူငယ်တွေရဲ့ အိပ်မက်တွေ၊ စိတ်ကူးတွေ၊ ဆန်းသစ်တီထွင်ချင်တဲ့စိတ်တွေကို ဒီပွဲကနေတစ်ဆင့် တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေနဲ့ တွေ့ပြီးတော့ အိုင်ဒီယာတွေ ဖလှယ်လို့ရတယ်။ ရိုးရာလုပ်ငန်းကနေ အခု Update ဖြစ်နေတဲ့ ဖန်တီးမှုတွေနဲ့ပေါင်းစပ်ပြီး ကမ္ဘာမှာရှိတဲ့ ကရင်တိုင်းရင်းသားတွေ၊ မြန်မာနိုင်ငံတစ်ဝန်းမှာရှိကြတဲ့ တိုင်းရင်းသားတွေအားလုံးမြင်အောင် ဖန်တီးလုပ်ဆောင်နိုင်လို့ ရတယ်ဆိုတာကို သိရှိသွားပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိသူတွေက လူငယ်တွေရဲ့ စီးပွားရေးကဏ္ဍတွေကို ဘက်ပေါင်းစုံကနေ တိုးတက်အောင် ဆောင်ရွက်ပေးနေတာကို မြင်တွေ့ခွင့်ရတယ်။ ဒီနေ့မှာ ကျွန်မတို့လိုပဲ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်လူငယ်တွေရဲ့ လုပ်ငန်းသဘောသဘာဝကို သိမြင်ခွင့်ရတယ်၊ အချင်းချင်းတွေ့ဆုံဆွေးနွေးဖလှယ်ခွင့်ရတယ်။ လုပ်ငန်းတွေ ရှေ့ဆက်လုပ်ဖို့လည်း ခွန်အားတွေ၊ ကြိုးစားချင်စိတ်တွေ အများကြီးရပါတယ်။ လူငယ်တွေရဲ့ လိုအပ်ချက်တွေကို နိုင်ငံတော်က အထောက်အပံ့ပေးတဲ့ပွဲတစ်ခုလို့ ထင်မြင်မိပါတယ်။

**ဦးရဲရင့်(တွဲဖက်ဘဏ္ဍာရေးမှူး၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

ဒီပွဲမှာ လာရောက်ခင်းကျင်းပြသရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့အသင်းဝင် လူငယ်တွေ စွန့်ဦးတီထွင်ပြီး ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေကို အများပြည်သူတွေသိရှိပြီး ဈေးကွက်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဖြန့်ဝေနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ပြသခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြခန်းမှာဆိုရင် သောက်ရေသန့်၊ T-shirt အင်္ကျီတွေ၊ ကော်ဖီတွေနဲ့ ပျားရည်တွေကို ပြသထားပါတယ်။ ကျွန်တော်တို့အသင်းကို လူငယ်တွေနဲ့ စုစည်းဖွဲ့စည်းထားတာဖြစ်တဲ့အတွက် အသင်းထဲမှာ စီးပွားရေးကို ကိုယ်တိုင်ကိုယ်ကျ ထူးထူးချွန်ချွန်လုပ်နိုင်တဲ့လူငယ်တွေ အများကြီးရှိတယ်ဆိုတာကို ပွဲကိုတက်ရောက်လာကြတဲ့ လူငယ်တွေသိရှိပြီး အတုယူကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာအောင် ရည်ရွယ်ပြသတာဖြစ်ပါတယ်။

လူငယ်တွေကို အားပေးစကားပြောချင်တာက လက်ရှိကာလမှာ အသိပညာ၊ အတတ်ပညာတွေကို ပိုပြီးကြိုးစားသင်ယူကြပါ။ အမှားအမှန်ကို ကိုယ်ပိုင်ဆင်ခြင်တုံတရားနဲ့ ဝေဖန်ပိုင်းခြားပြီး နိုင်ငံတော်နဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေမှာ စွမ်းစွမ်းတမံပါဝင်ပေးကြပါလို့ ပြောချင်ပါတယ်။ ။

**အင်တာဗျူး - မျိုးဆက်သစ်**
**ဓာတ်ပုံ-လုလင်ငယ်**



နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြု ချီးမြှင့်စဉ်။



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။



အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။



တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှုထမ်း တံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ်။



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



❍ **ကျောဖုံးမှအဆက်**

တာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများအသီးသီးပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြပြီးအခမ်းအနားသို့ တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏အရန်အင်အားအဖြစ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်ကတန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက်တပ်မတော်တွင်ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် (သို့) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင်ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ

**စာမျက်နှာ ၁၂ သို့** ❍



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ်ဂုဏ်ပြုချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ်ဂုဏ်ပြုချီးမြှင့်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။







အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ်ဂုဏ်ပြုချီးမြှင့်စဉ်။







❍ စာမျက်နှာ ၁၁ မှအဆက်

ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် သက်ဆိုင်ရာရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၍သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည်နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန်တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့်ပြည်သူအကြားယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကို ဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင်ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့်ပြည်သူ တစ်သားတည်းဖြစ်တည်မှုကို အပြည့်အဝ သက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"အတွေ့အကြုံကတော့ အများကြီးပေါ့။ ပညာတွေလည်း အများကြီးရတယ်။ ပြီးရင် ဗဟုသုတတွေ၊ ဆရာတွေ၊ ဆရာကြီးတွေ သင်ကြားပြသမှုတွေလည်း အရမ်းကောင်းလို့ ဒီလိုနေရာကို ကျွန်တော်တို့ရောက်လာခဲ့တာပါ။ အများကြီးကြိုးစားခဲ့တာပေါ့။ အိမ်ပြန်ရမယ်ဆိုတော့လည်း အရမ်းဝမ်းသာပါတယ်။ ပျော်လည်းပျော်တာပေါ့။ နောက်လာမယ့် ညီအစ်ကိုတွေကိုလည်း ကျွန်တော် အစ်ကိုတစ်ယောက်အနေနဲ့ လက်တွဲခေါ်ပါတယ်။ ကြိုဆိုပါတယ်။ ဖိတ်ခေါ်ပါတယ်"ဟုပြောသည်။

"ပြည်သူ့စစ်မှုထမ်းဆိုတာ နိုင်ငံသားတိုင်း ထမ်းဆောင်ရမယ့်အရာဖြစ်တဲ့အတွက်ကျွန်တော်လည်း အခုလိုမျိုး တာဝန်ထမ်းဆောင်ပြီး(၂)နှစ်ပြည့်တော့ ပျော်ပါတယ်။ ကျွန်တော်တို့ ရှေ့တန်းမှာ ပင်ပန်းခဲ့သမျှကို ကျွန်တော်တို့ နောက်တန်းဌာနမှာ အထက်အကြီးအကဲတွေကနေ အခုလို ထွက်ခါနီးကို အခမ်းအနားနဲ့ကျင်းပပေးလို့ ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ ပီတိလည်းဖြစ်မိပါတယ်။ အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။ (၂) နှစ်တာကာလ ခွဲခွာခဲ့တဲ့မိသားစုတွေနဲ့ တွေ့ချင်တာပေါ့။ အခုလိုမျိုး ပြန်ရတော့မယ်ဆိုတော့ဝမ်းသာပါတယ်"ဟုပြောသည်။

"ဒီပြည်သူ့စစ်မှုထမ်း (၂)နှစ်ကာလမှာ အချိန်ကို အကျိုးရှိရှိ အသုံးချတတ်လာတယ်။ ဆရာကောင်းသမားကောင်းတွေနဲ့လည်း ကျွန်တော်တွေ့ခဲ့တယ်။ ကျွန်တော်တို့ (၂)နှစ်ကာလမှာ မိတ်ဆွေကောင်း သူငယ်ချင်းကောင်းတွေနဲ့လည်း တွေ့လာပါတယ်၊ ယောကျ်ားတွေ တတ်သင့်တတ်ထိုက်တဲ့ ပညာရပ်တွေကိုလည်း ကျွန်တော်တို့တတ်မြောက်လာပါတယ်။ ပြည်သူ့စစ်မှုထမ်း (၂)နှစ်ကာလကို တာဝန်ကျေပွန်စွာပြီးဆုံးတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော်လည်း အရမ်းဂုဏ်ယူမိပါတယ်။ ကျွန်တော့်မိဘလည်း ကျွန်တော့်ကို ဂုဏ်ယူနေမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

(၁၀၀)

❒ ကျောဖုံးမှအဆက်

ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား)ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၃ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး ဩဂုတ်လ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် အဆိုပါဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်နှင့်ဆုပေးပွဲ အခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV-4 HD ၊ MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

**(၁၂-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ**

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၈,၅၅၃,၉၁၃.၄၃ | ၁၀,၈၁၈,၂၆၆.၆၃ | ၃,၂၀၉,၁၉၈.၈၃ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်



## ကော့သောင်းမြို့နယ်မှ အသက် ၁၂၁ နှစ် အဘွား ဒေါ်ပန်းနွယ်အား အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အတွက် မြန်မာတစ်နိုင်ငံလုံးအသက်အကြီးဆုံးဘိုးဘွားအဖြစ် ဂုဏ်ပြုချီးမြှင့်

ကော့သောင်း ဩဂုတ် ၁၂

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင်ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အတွက် အသက် ၁၂၁ နှစ်ဖြင့် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံးဘိုးဘွားအဖြစ် ဂုဏ်ပြုချီးမြှင့်ခံခဲ့ရသူ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်မှ အဘွား ဒေါ်ပန်းနွယ်အား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ အဘွား၏နေအိမ်သို့ သွားရောက်ဂါရဝပြုတွေ့ဆုံပြီး အလှူငွေကျပ် ၁၂ သိန်းနှင့်ဆန်၊ ဆီ၊ ကြက်ဥစသည့်အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းကာ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးသည်။

ထို့ပြင် ကော့သောင်းမြို့နယ် ချမ်းဖန်းကျေးရွာအုပ်စု၊ သီရိမြိုင်ရပ်ကွက်၊ ရွှေပြည်သာရပ်ကွက်၊ အေးရိပ်ငြိမ်ရပ်ကွက်တို့မှ အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၇ ဦးအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ တွေ့ဆုံဂါရဝပြုပြီး ဘိုးဘွားတစ်ဦးလျှင် အလှူငွေကျပ် ၁၀ သိန်းနှင့်ဆန်၊ ဆီစသည့်အခြေခံစားသောက်ကုန်ပစ္စည်းများပေးအပ်လှူဒါန်းကာ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ခရိုင် (ပြန်/ဆက်)

## စနစ်ကျသော သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်စေရေး ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဩဂုတ် ၁၂

စနစ်ကျသော သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်စေရေး၊ ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ရေး၊ ကျေးလက်လမ်း၊ တံတား၊ ရေ၊ မီးရရှိရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစီးဌာနအချင်းချင်း တက်ညီလက်ညီ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးကပြောကြားသည်။

ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ခရိုင်၊မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ပြင်ဦးလွင်မြို့နယ် နောင်ထယ်ကျေးရွာ၌ ကောင်းမြန်မာနို့စားနွားမွေးမြူရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းဥက္ကဋ္ဌ၊ အသင်းသားများနှင့်တွေ့ဆုံ၍ ဒေသနွား ၂၇ ကောင်၊ ဖရီရှန်နို့စားနွား ၉၇ ကောင်မွေးမြူထားရှိမှု၊ စက်ဖြင့် နွားနို့ညှစ်ခန်း၊ နွားစာသိုလှောင်ရုံတို့ကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Royal Ruby Flower တန် ၁၅၀ ဆန်စက်၌ ကြိတ်ခွဲထုတ်လုပ်နေမှု၊ ထုပ်ပိုးမှုစနစ်များကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဆန်စက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

ဆက်လက်၍ စဥ့်ကိုင်မျိုးစေ့ထုတ် သမဝါယမအသင်းမှ အမှုဆောင်များ၊ အသင်းသားများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ မျိုးစေ့ထုတ်သမဝါယမအသင်းများ ပိုမိုပေါ်ပေါက်လာစေရေး၊ မျိုးကောင်းမျိုးသန့်များထုတ်လုပ်၍ အခြားသော စိုက်ပျိုးရေးသမဝါယမအသင်းများသို့ ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရန်မှာကြားပြီး အသင်းသားတောင်သူတစ်ဦး၏ လယ်မြေ ၅ ဧကတွင် ရောပဒေသာမျိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယမန်နေ့ညနေပိုင်းကလည်း ပုသိမ်ကြီးမြို့နယ်သမဝါယမကောလိပ်၌ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်၊ ယင်းနောက်တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များတက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ၁၂-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၀၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

★ စာမျက်နှာ ၁၅ မှအဆက်

ဆက်လက်၍ နိုင်ငံတော်သမ္မတက အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရထူးချွန်လူငယ်မောင်မယ်များဖြစ်ကြသည့် ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့်(၂၇)ကြိမ်မြောက်အထက်တန်းကျောင်းသားများ အနုပညာပွဲတော်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပန်းချီထူးချွန်ပညာရှင်(Winner ဆု)ရရှိခဲ့သည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မုဒုံ)မှ Grade-11 ကျောင်းသူ မသော်တာဦး၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် UNESCAP Asia – Pacific Trade Facilitation Forum X Paperless Trade Week-2026 တွင် အဆိုပြုတင်သွင်းလွှာ အာရှအဆင့် အကောင်းဆုံးဆု(The Best Position Paper Award) ရရှိခဲ့သည့် Naypyitaw State Academy နိုင်ငံတကာဆက်ဆံရေးပညာ ဒုတိယနှစ်မှ မချမ်းမြေ့လဝန်းသန့်၊ ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် HONDA Y.E.S (Young Engineer and Scientist's) Award 2025 တွင် မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်အင်ဂျင်နီယာကျောင်းသူ (Winner ဆု)ရရှိခဲ့သော ME (Arch) (Course-work) မှ မခြူးကေခိုင်ကျော်၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 17th SEA U 18&U 20 Athletics Championships လုံ့တံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 14th ASEAN School Game လုံ့တံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ စင်ကာပူနိုင်ငံတွင်ကျင်းပပြုလုပ်သည့် 68th Singapore Open Track & Field Cham-pionships လုံ့တံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုတို့ရရှိခဲ့သည့် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ Grade-12 ကျောင်းသားမောင်ချစ်မင်းအောင်၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ၊ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ရဲတပ်ကြပ်သူရအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ပေးပို့သည့် သဝဏ်လွှာကို လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက်နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် လူငယ်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မချမ်းမြေ့လဝန်းသန့်က ကျေးဇူးတင်စကားပြောကြားပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "အနာဂတ်လူငယ်ထွန်းတောက်ကြယ်" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်၍ နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ နိုင်ငံတော်သမ္မတက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင်နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ လူငယ်စွန့်ဦးတီထွင်သူများ၏ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ မြဝတီ

PPIB News




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့် နေရာများတွင် သန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့် နေရာများတွင် သန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် သောက်သုံးရေနှင့်စားသောက်ဖွယ်ရာများ ပို့ဆောင်ပေးစဉ်။

● ကျောဖုံးမှအဆက်

မြို့ပေါ်ရပ်ကွက် ၂ ခု နှင့် ကျုံပျော်မြို့ပေါ်ရပ်ကွက် ၂ ခု၊ ပတ်ဝန်းကျင်ကျေးရွာ ၇ ရွာ၊ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာ ၁၈၉ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှနယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအားရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်းသဲအိတ်များ ဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် နေရာများရှိစာသင်ကျောင်းများ၊ လမ်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားများက ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက်ငဝန်ပန်းတာရေဝင်လမ်းအား (Geobags)အိတ်များချခြင်းဆောင်ရွက်ပေးစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်လေးများက လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “လူငယ့်စွမ်းရည်” တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

အလေ့အကျင့်ကောင်းများနှင့် ပြည့်ဝနေသည့် မျိုးဆက်သစ်လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးရန်အလွန်အရေးကြီးကြောင်း။

မြန်မာလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏အခြေခံအုတ်မြစ်၊ အဓိကအင်အားဖြစ်သည့်အတွက်လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဦးတည်ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုမိမိတို့အစိုးရသစ်လက်ထက်တွင် ယခင်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို အားကစားရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာန ၂ ခုကို သီးခြားစီပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အသစ်ဖွဲ့စည်းပေးခဲ့သည့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း လူငယ်များ၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပြီး စွမ်းရည်များနှင့် အလားအလာကောင်းများ တိုးတက်မြင့်မားလာစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူမှုအသိုက်အဝန်းအတွင်းတွင် လူငယ်များအနေဖြင့် အကျိုးရှိရှိပါဝင်ဆောင်ရွက်ခွင့်များရရှိစေပြီး နိုင်ငံတည်ဆောက်ရေး၏ စွမ်းအားအသွင်ဖြစ်ထွန်းလာအောင်ဆောင်ရွက်ပေးရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ခေတ်တွင်နည်းပညာများတိုးတက်လာမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများသည် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှုအခွင့်အလမ်းများ ပိုမိုကျယ်ပြန့် အားကောင်းလာသည်ကို တွေ့ရကြောင်း၊ လူငယ်များကို ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်ရန်အတွက် အရေးပါလှသည့် တွန်းအားတစ်ရပ်နှင့် အခွင့်အရေးပင်ဖြစ်ကြောင်း။

ခေတ်မီနည်းပညာနှင့်ဒီဂျစ်တယ်ကမ္ဘာကို ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များသည် ကမ္ဘာ့အသိုက်အဝန်းနှင့်ရင်ပေါင်တန်းပြီး အပြုသဘောဆောင်သည့်ပြောင်းလဲမှုများကိုဖော်ဆောင်ပေးနိုင်ကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင်နိုင်မှုနှင့် လွတ်လပ်သည့်အတွေးအခေါ်များကို နိုင်ငံတော်က အလေးအနက်ထားအသိအမှတ်ပြုပြီး အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးရန်လိုအပ်လျက်ရှိကြောင်း။

ယနေ့ ဒီဂျစ်တယ်ကမ္ဘာတွင် သတင်းအချက်အလက်များသည် လျင်မြန်စွာစီးဆင်းနေမှုနှင့်အတူ တိုးတက်မှုများရှိနေသကဲ့သို့ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်နေသည့် စိန်ခေါ်မှုများကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် နည်းပညာများကို အသုံးပြုရာတွင် အမှားအမှန်ကိုခွဲခြားသိမြင်နိုင်သည့် ဝေဖန်ပိုင်းခြားနိုင်မှု(Critical Thinking)ရှိရန်၊ AI အသုံးပြုမှုကျင့်ဝတ်၊ ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်ပြီး သတိရှိအလေးထားရန် လိုအပ်ကြောင်း၊ နိုင်ငံနှင့် လူမျိုး၏ ဖွံ့ဖြိုးမှုဂုဏ်သိက္ခာကို ထိခိုက်စေမည့်လုပ်ရပ်များကိုရှောင်ကြဉ်ပြီး တာဝန်သိသည့် ဒီဂျစ်တယ်နိုင်ငံသား (Responsible Digital Citizen)များအဖြစ် ရပ်တည်ကြရန် လိုအပ်သည်ကို အလေးထားမှာကြားလိုကြောင်း။

ပြောင်းလဲတိုးတက်နေသည့်ကမ္ဘာ့အသိုက်အဝန်းနှင့် လျော်ညီအောင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီးလှကြောင်း၊ ခေတ်မီနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချရင်းဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာများကို တန်ဖိုးထားပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာက သိအောင်မြှင့်တင်ပေးနိုင်သည့်၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသည့် လူငယ်များဖြစ်လာအောင် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်း ဆက်သွယ်ဆောင်ရွက်မှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများသည်အချိန်နှင့်အမျှတိုးတက်နေခြင်းဖြစ်သဖြင့် လူငယ်များအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအတွင်းတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ မြန်မာလူငယ်များသည် နိုင်ငံတော်၏ အပြုသဘောဆောင်သည့် ကိုယ်စားလှယ်များအဖြစ် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ်အားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း အသိပေးပြောကြားလိုကြောင်း။

ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေသည့်ခေတ်တွင် ပြောင်းလဲမှုများနှင့်အတူ တည်ငြိမ်အေးချမ်းပြီး သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်အသီးအပွင့်များကို ဖော်ဆောင်နိုင်မည်ပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင်လည်း မျိုးဆက်သစ်လူငယ်များ၏ ရင့်ကျက်သည့်အတွေးအခေါ်၊ မှန်ကန်သည့် လုပ်ရပ် စသည့် ပေါင်းစည်းအားများနှင့် ဆောင်ရွက်ကြမည်ဆိုပါက အားလုံးလိုချင်သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုပန်းတိုင်ကို ရောက်ရှိရန် အထောက်အပံ့များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **“နောက်ခံ မတူကြား၊ ရည်မှန်းတူထား၊ လူငယ်အား–Different Contexts, Common Aspirations”** နှင့်အညီ လူငယ်များ၏မတူကွဲပြားသည့်အတွေးအမြင်များကို ပေါင်းစည်းပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့်ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရန်လိုအပ်ကြောင်း၊ အားလုံးရင်ဆိုင်နေကြရသည့်စိန်ခေါ်မှုများကို အတူတကွပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရာတွင် လူငယ်များ၏ အရည်အချင်းနှင့် အရင်းအမြစ်များကို စုစည်းစွမ်းအားအဖြစ်အသုံးပြုကြရန်လည်း အလေးအနက်ထားတိုက်တွန်းပြောကြားလိုကြောင်း။

ထို့အပြင် ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားမှတစ်ဆင့် မိမိတို့၏ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်ကြသည့် နိုင်ငံ့သားကောင်းများ၊ ခေတ်သစ်နည်းပညာများကို အကျိုးရှိစွာအသုံးချနိုင်သည့် လူငယ်များ၊ ဆန်းသစ်တီထွင်မှုများကို ဖန်တီးနိုင်သည့် ပညာရှင်များ၊ လူမှုစီးပွားအကျိုးပြုနည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သူများဖြစ်လာစေရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် မျိုးဆက်သစ်လူငယ်မောင်မယ်အားလုံးကို အထူးတိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတစ်လွှားက လူငယ်မောင်မယ်များအားလုံး အသိပညာ၊ အတတ်ပညာများနှင့် ပြည့်ဝနေရုံသာမက ခေတ်မီနည်းပညာ တတ်ကျွမ်းမှုများနှင့် ပြည့်စုံအောင် ကြိုးစားကြရန်၊ မိမိတို့၏ အဖိုးတန်ထက်မြက်လှသည့် စွမ်းရည်များကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူနိုင်သည့်၊ နိုင်ငံတော်က အားကိုးအားထားပြုနိုင်သည့် နိုင်ငံ့ရတနာ လူချွန်၊ လူကောင်းများ ဖြစ်လာအောင် ကြိုးစားလေ့ကျင့်ပျိုးထောင်ကြရန်တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**စာမျက်နှာ ၁၄ သို့** ★






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြစဉ်။

# မျိုးဆက်သစ်လူငယ်အင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြသကဲ့သို့ ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ပုံဖော်သည့်နေရာတွင်လည်း အဓိကမောင်းနှင်အားများပင်ဖြစ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံတွင်ကျင်းပပြုလုပ်သည့် UNESCAP Asia – Pacific Trade Facilitation Forum X Paperless Trade Week–2026 တွင် အဆိုပြုတင်သွင်းလွှာ အာရှအဆင့်အကောင်းဆုံးဆု(The Best Position Paper Award) ရရှိခဲ့သည့် Naypyitaw State Academy နိုင်ငံတကာဆက်ဆံရေးပညာ ဒုတိယနှစ်မှ မချမ်းမြေ့လဝန်းသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပပြုလုပ်သည့် 17th SEA U 18 & U 20 Athletics Championships လုံးတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ဘရူနိုင်းနိုင်ငံတွင်ကျင်းပပြုလုပ်သည့် 14th ASEAN School Game လုံးတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ စင်ကာပူနိုင်ငံတွင်ကျင်းပပြုလုပ်သည့် 68th Singapore Open Track & Field Championships လုံးတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုတို့ရရှိခဲ့သည့် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ Grade–12 ကျောင်းသား မောင်ချစ်မင်းအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ထူးချွန်လူငယ်မောင်မယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကိုစတင်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

## ❖ လူငယ်များကို ဗလငါးတန်နှင့် ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းကိုမြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများနှင့် ပြည့်ဝနေသည့် မျိုးဆက်သစ်လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီး . . .

ထို့နောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "လူငယ့်စွမ်းရည်" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ၁၉၉၈ ခုနှစ် ပေါ်တူဂီနိုင်ငံတွင် ပထမအကြိမ်အဖြစ်ကျင်းပပြုလုပ်ခဲ့သည့် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံဆုံးဖြတ်ချက်အရ နှစ်စဉ်နှစ်တိုင်း ဩဂုတ်လ ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ်သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင်ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုနှစ်ဆိုပါက ၂၇ နှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသော လူငယ်များ၏အရေးပါလှသည့် အခန်းကဏ္ဍနှင့် လူငယ်များ၏အင်အားနှင့် စွမ်းဆောင်ရည်များကို အသိအမှတ်ပြုဂုဏ်ပြုကြိုဆိုသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၏အသံ၊ သဘောထားအမြင်နှင့် အားမာန်များကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်ကြရန် တိုက်တွန်းနှိုးဆော်အားပေးသည့်နေ့ဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုသို့ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ၊ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာ




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့(International Youth Day – 2026)အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်စဉ်။

**❖ ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာ့အသိုက်အဝန်းနှင့်လျော်ညီအောင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီး၊ ခေတ်မီနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချရင်းဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာများကို တန်ဖိုးထားပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အဆင့်အတန်းကို ကမ္ဘာကသိအောင်မြှင့်တင်ပေးနိုင်သည့်၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသည့် လူငယ်များဖြစ်လာအောင် ဆက်လက်ကြိုးပမ်း . . .**

များဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ၊ သဘာဝဘေးအန္တရာယ်ရိုက်ခတ်မှုများ၊ လူမှုစီးပွားစိန်ခေါ်မှုများသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ နယ်နိမိတ်များကိုကျော်လွန်ပြီး ကမ္ဘာလုံးဆိုင်ရာ ဘုံအရေးကိစ္စများအနေဖြင့်ပေါ်ပေါက်လျက်ရှိနေကြောင်း။

ယခုကဲ့သို့စိန်ခေါ်မှုများ ဖြေရှင်းဆောင်ရွက်သည့်အခါတွင်လည်း မျိုးဆက်သစ်လူငယ်များ၏ တက်ကြွသည့်ပေါင်းစည်းအား၊ အခက်အခဲကို အခွင့်အရေးအဖြစ် အသွင်ပြောင်းလဲနိုင်မှု အရည်အသွေးနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုများသည် အဓိကမောင်းနှင်အားများအဖြစ်ပါဝင်နေကြကြောင်း။

ထိုသို့အနာဂတ်အတွက်အရေးပါသည့် စွမ်းအားစုများဖြစ်သည့် လူငယ်များ၏ ရည်မှန်းချက်နှင့် အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်ရန်နှင့် လူငယ်များကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ထိရောက်သည့် ပံ့ပိုးကူညီမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျချဉ်းကပ်ဆောင်ရွက်နိုင်ရေးသည်လည်း အလွန်ပင်အရေးကြီးလှကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့လူဦးရေဆိုင်ရာ အဓိကအချက်အလက်များကို ကောက်နုတ်ဖော်ပြချက်အရ ယနေ့ကမ္ဘာပေါ်တွင် အသက် (၁၅)နှစ်နှင့်(၂၄)နှစ်ကြား လူငယ်လူဦးရေသည် ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး အဆိုပါလူငယ်လူဦးရေ၏ ထက်ဝက်ကျော်သည် ဝင်ငွေနည်းပါးသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်အောက်တွင်ရှိသည့် နိုင်ငံများတွင် နေထိုင်ကြသည်ကိုတွေ့ရှိရကြောင်း။

ထို့အပြင် လူငယ်များ၏ ကျန်းမာရေး၊ လူမှုစီးပွားဘဝကောင်းမွန်စေရန် ရင်းနှီးမြှုပ်နှံပေးရေး၊ အရည်အသွေးရှိသည့် ပညာရေးနှင့် သင့်လျော်ကောင်းမွန်သည့် လုပ်ငန်းခွင်အခွင့်အလမ်းများဖန်တီးပေးရေး၊ လူ့အဖွဲ့အစည်းအတွင်း လူငယ်များအပြည့်အဝပါဝင်နိုင်ရန် ဆောင်ရွက်ပေးရေးတို့ကို ဖြည့်ဆည်းပေးရန်လိုအပ်နေသည်ကိုလည်း အလေးပေးဖော်ပြထားကြောင်း။

အဆိုပါအခြေအနေများကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက်ဆောင်ပုဒ်ကို **“နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား– Different Contexts, Common Aspirations”** အဖြစ် ရွေးချယ်သတ်မှတ်ထားသည်ကိုတွေ့ရှိရကြောင်း၊ လူငယ်များနေထိုင်ရာ နိုင်ငံနယ်နိမိတ်များ၊ အဆင့်အတန်းများ သို့မဟုတ် နောက်ခံအခြေအနေအကြောင်းအရာများက မတူကွဲပြားနေစေကာမူ လူငယ်အသီးသီး၏ ဂုဏ်သိက္ခာများ၊ အခွင့်အရေးများ၊ ပူးပေါင်းပါဝင်ခွင့်များကိုမြှင့်တင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသည့် အနာဂတ်ကို ဖန်တီးရေးတို့သည် လူငယ်များ၏တူညီသည့် မျှော်မှန်းချက်အဖြစ် တည်ရှိနေသည်ကို ယခုနှစ်ဆောင်ပုဒ်က မီးမောင်းထိုးပြနေကြောင်း။

ဆက်လက်ပြီး ယခုနှစ်ဆောင်ပုဒ်တွင် အခွင့်အလမ်းများ အပြည့်အဝရရှိနိုင်ရန်အတွက် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေကြရသည့် ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးက လူငယ်များအနေဖြင့် လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ရှေ့တန်းမှ တက်တက်ကြွကြွဖြင့် ပါဝင်ဆောင်ရွက်နေကြသည့် စွမ်းအားတစ်ရပ်ဖြစ်သည်ကို ညွှန်းဆိုထားကြောင်း၊ အဆိုပါအချက်ကို နိုင်ငံအသီးသီးနှင့် လူ့အဖွဲ့အစည်းအသီးသီးက အသိအမှတ်ပြုပြီး လူငယ်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများတွင်လူငယ်တစ်ဦးတစ်ယောက်၏စွမ်းအားကို နောက်ကျကျန်မနေစေရန်အတွက်အလေးထားတိုက်တွန်းထားသည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လူငယ်များ၏ အနာဂတ်အလားအလာကောင်းများကို အားပေးမြှင့်တင်ဆောင်ရွက်သည့်အခါတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအတွက် အဓိကအခြေခံအုတ်မြစ်များဖြစ်ကြသည့် ပညာသင်ကြားသင်ယူမှု အခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရေး၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေးနှင့် လူငယ်များအတွက်လိုအပ်သည့် ၂၁ ရာစု တတ်ကျွမ်းမှုများကို သင်ယူနိုင်စေရေးတို့အတွက် ဦးတည်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

အာဆီယံ ဒေသအဆင့်တွင်လည်း အနာဂတ်အတွက်အသင့်ဖြစ်နေသည့် လူငယ်များဖြစ်လာစေရန် လူမှုစွန့်ဦးတီထွင်မှုများ၊ ဆန်းသစ်တီထွင်ဖန်တီးမှုများ အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိနေကြကြောင်း၊ ထို့အပြင် အာဆီယံဒေသတွင်း လူငယ်များအနေဖြင့် ရာသီဥတုပြောင်းလဲမှုများနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းပါဝင်လာနိုင်မည့်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်ရန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ နှင့်အညီ အာဆီယံလူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ်(၂၀၂၆ – ၂၀၃၀) ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ ဒသမ ၃၇ သန်းကျော်အနက် ၁၆ ဒသမ ၇၈ သန်းခန့်သည် လူငယ်များဖြစ်သည့်အတွက် မိမိတို့နိုင်ငံသည် လူငယ်အင်အားအများအပြားကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်**ကြောင်း၊ **အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် ၈ ဒသမ ၄ သန်းကျော်၊ နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းကျော်ပါဝင်လျက်ရှိ**ကြောင်း၊ **၎င်းတို့အရွယ်သည် အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ပညာသင်ကြားသည့်အရွယ်ဖြစ်သဖြင့် ကျောင်းနေရာခိုင်နှုန်းမြင့်မားအောင်ဆောင်ရွက်ပြီး စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်ဆိုပါက အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူငယ်များဖြစ်လာမည်ဖြစ်**ကြောင်း၊ အဆိုပါ မျိုးဆက်သစ်လူငယ်အင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသကဲ့သို့ ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ပုံဖော်သည့်နေရာတွင်လည်း အဓိကမောင်းနှင်အားများပင်ဖြစ်ကြကြောင်း။

ထို့ကြောင့် လူငယ်များကို ဗလငါးတန်နှင့် ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များ၊

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the International Youth Day 2026

NAY PYI TAW August 12

Myanmar observed the International Youth Day 2026, held with the theme "Different Contexts, Common Aspirations", at MICC-1 this morning. President of the Republic of the Union of Myanmar U Min Aung Hlaing delivered an address at the ceremony and presented awards to youths, who won outstanding awards and gold medals at the international competitions.

Also present were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Commander-in-Chief of Defence Services General Ye Win Oo, union ministers and union level dignitaries, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, deputy ministers, departmental personnel, social affairs ministers of regions and states, members of Myanmar Youth Affairs Central Committee and Myanmar Youth Affairs Work Committee, rectors, outstanding youths, youth representatives from regions and states, representatives of youths with disabilities, marine youths, aviation youths, scouts, red cross youths, teachers and students from universities, colleges, and institutions in Nay Pyi Taw, representatives from associations, and invited guests.

First, the President and attendees paid respect to the Flag of the Republic of the Union of Myanmar.

Students from No (11) basic education high school in Nay Pyi Taw Council Area staged a song "the Capability of Youth" in honour of the youths.

In his address, the President said in accord with the resolution of the First World Conference of Ministers Responsible for Youth, held in Portugal in 1998, the 12th of August was declared the International Youth Day. Till this year, the International Youth Day has been observed for 27 years in the participating countries since it was established.



President U Min Aung Hlaing presents award to an outstanding youth.



President U Min Aung Hlaing presents award to an outstanding youth.

Today's event hails the important role of the youths across the world and their strength and capability. So, it is also a Day on which involvement of the voices, views and vigor of youth in national development undertakings is highlighted.

Everyone has noticed the rapid global changes of the current era. Dealing with material changes and digital and AI development, alongside climate change, natural disasters and economic challenges has become a common global problem that goes beyond the borders of individual countries.

In fact, active involvement, ability to convert challenges into opportunities and innovative power of the new generation youths are the main driving force in solving the said global problem.

Here, a systematic approach is vital to support young people. It helps materialize their visions and opportunities and overcome their hardships.

Excerpts of the key facts on World Population 2026 by the United Nations says that the global population of youth between age 15 and 24 is about 1.3 billion, and that over half of them are residing in countries with low-income or lower-medium-income.

Moreover, it highlights the requirement of investments for the improvement of youths' health and social economy, creation of quality education and decent employment opportunities, and full involvement of youths in the society.

Reflecting these circumstances, the United Nations has designated **"Different Contexts, Common Aspirations"** as the theme for International Youth Day 2026. The theme highlights that, despite differences in the countries, social conditions and backgrounds in which the youth live, they share common aspirations to uphold their dignity and rights, promote opportunities for meaningful participation, and create a sustainable and prosperous future.

Furthermore, this year's theme recognizes the youth in developing countries, who face various challenges in gaining full access to opportunities, as a dynamic force actively and meaningfully participating at the forefront of community development processes. It also emphasizes the need for countries and societies to recognize this contribution, provide the necessary support and resources for the youth, and ensure that no youth's potential is left behind in global development efforts.

Countries around the world are placing emphasis on ensuring young people have access to education and learning opportunities, which serve as fundamental building blocks for their holistic development, and on promoting their physical and mental well-being as they work to support and enhance the future prospects of youth. In addition, they are focusing on creating more employment opportunities and enabling young people to acquire the 21st-century skills.

At the ASEAN regional level, efforts are also being made to promote sustainable development and employment opportunities that encompass social entrepreneurship and innovation, with the aim of preparing young people to be ready for the future. Furthermore, in line with the ASEAN Community Vision 2045, the ASEAN Work Plan on Youth (2026-2030) has been adopted and is being implemented to create greater opportunities for young people in the ASEAN region to participate in climate change responses, disaster prevention and preparedness, peacemaking initiatives, and development processes.

According to the 2024 Population and Housing Census, Myanmar has a total population of more than 51.37 million, of whom approximately 16.78 million are the youth, making the country one with a large youth population. More than 8.4 million people aged between 15 and 24 accounts for over 16 percent of the country's total population. As this age group corresponds largely to the period of upper secondary and university education, ensuring a high school enrolment rate and providing systematic education and training will enable young people to acquire extensive knowledge and skills. This younger generation represents an invaluable human resource

See Page - 21

From Page - 21

volleyball competition at the 13th ASEAN Para Games 2026 in Thailand.

Subsequently, Union Minister for Youth Affairs Dr. Maung Thin read out the message sent by the United Nations Secretary-General for International Youth Day 2026.

Following this, the Union Minister for Youth Affairs, in his capacity as Vice-Chairman (1) of the Myanmar Central Committee for Youth Affairs, respectfully presented a commemorative gift for International Youth Day to the President.

The President and attendees then watched a video clip documenting youth holistic development activity to mark International Youth Day 2026.

Afterward, youth representative Ma Chan Myae La Wun Thant delivered a speech of thanks. Artistes from the Ministry of Hotels, Tourism and Culture then performed a song titled "Shining Stars of the Future Youth." The President and attendees subsequently posed for documentary group photos and the President warmly greeted those in attendance.

Following the ceremony, the President and attendees toured the booths featuring youth entrepreneurs from regions, states, ministries and associations organized to mark International Youth Day 2026, viewing the exhibits with keen interest.

**Myawady**

# Ngaputaw Township sells glutinous rice to Yangon market



NGAPUTAW August 12

Local merchants from Ngaputaw Township in Ayeyawady Region sold 45,000 bags of glutinous rice to Yangon market said Daw Moe Moe Aye, the owner of rice and paddy trading depot in Ngaputaw Township.

Glutinous rice exports from Ngaputaw Township to the Yangon market reached 45,000 bags (16 viss per bag).

"Rice traders in Ngaputaw Township purchase locally produced paddy, mill it, and export the rice to the Yangon market. Over the past month, we were able to export up to 45,000 bags of glutinous rice (16 viss per bag) from Ngaputaw Township to the Yangon rice market.

At present, we are purchasing locally grown summer paddy, milling it, and exporting the rice to the Yangon market. The current rice prices are stable without significant increases or decreases. Buyers from the Yangon market are still actively purchasing rice from the Ngaputaw Township area in June," said Daw Moe Moe Aye.

A 16-viss bag of glutinous rice exported from Ngaputaw Township to the Yangon market is currently fetching up to Ks-125,000, it is reported. As the rice continues to be exported regularly, rice traders, farmers, truck rental operators, and loading and unloading workers are all able to continue their businesses smoothly.

**SK**

# Kyunhla Township grows more than 6,000 acres of pigeon pea this monsoon

KYUNHLA August 12

Local farmers planted more than 6,000 acres of pigeon pea as monsoon crops in Kyunhla Township of Sagaing Region this year, according to the Township Agriculture Department.

During the 2026-2027 monsoon cropping season, Kyunhla Township has planned to cultivate 11,540 acres of pigeon pea (pulses). Cultivation began in May this year, and so far, 6,195 acres have already been planted.

"It is planned to cultivate over 11,000 acres of pigeon pea in Kyunhla Township this monsoon season. So far, more than 6,000 acres have already been cultivated. Efforts are being made to achieve the target acreage. Measures are also being taken to ensure good yields in pigeon pea cultivation. Farmers grow pigeon pea both as a sole crop and as an intercropped or mixed crop," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

It is reported that the Township Department of Agriculture is conducting field visits to educate pigeon pea farmers on the selection of good-quality and pure seeds, proper cultivation methods, pest control, and practices to improve yields.

In addition, the department is disseminating technology on the combined use of urea and borax (litharge/borate fertilizer) to reduce farmers' costs of foliar fertilizer purchases. It is reported that the use of urea and borax helps lower cultivation costs, reduce pest infestation, and improve plant growth and development.

**SMK**

# Dabayin Township sees harvest of all summer sesame plantations

DABAYIN August 12

The Township Agriculture Department stated that local farmers have harvested all plantations of summer sesame in Dabayin Township of Sagaing Region this year.

In Dabayin Township, during this year's summer cropping season, a total of 10,349 acres of summer sesame was cultivated. Har-vesting of the cultivated sesame fields began in May this year, and as of now, harvesting has been completed on 100 percent of the acreage, with an average yield of 17.08 baskets per acre.

"This year's summer cropping season in Dabayin Township, sesame was cultivated on 10,349 acres. At present, harvesting of all sesame fields has been fully completed. As for sesame cultivation, it has been possible to expand beyond the target acreage. Efforts are also being made to expand sesame cultivation, improve yields, and promote Good Agricultural Practices (GAP)," said Daw Aye Myat Mon, Head of the Dabayin Township Agriculture Department.

During this year, the Township Agriculture Department provided awareness and guidance to farmers on expanding sesame cultivation, applying proper farming techniques, adopting GAP methods, using high-quality and pure seed varieties, and selecting high-yielding crops.

It is also noted that crops produced under GAP systems have advantages over those grown using other methods, including higher quality, better market prices, and the ability to be exported not only to domestic markets but also to international markets. As a result, farmers practicing GAP are expected to gain greater economic benefits, leading to improvements in their social and economic conditions.

**SMK**

# 3,000 acres of vegetables planted in Indaw Township

INDAW August 12

A total of 3,000 acres of croplands have been placed under vegetable plantations in Indaw Township of Sagaing Region this year, according to the Township Agriculture Department's data.

Local authorities in Indaw Township earmarked to cultivate 4,025 acres of vegetable crops as monsoon crops this year. Cultivation of these vegetables began in May this year, and as of today, a total of 3,000 acres have already been planted.

"It is planned to cultivate over 4,000 acres of vegetables in Indaw Township this monsoon season. So far, 3,000 acres have already been cultivated. Efforts are being made to achieve the target acreage. The crops include mustard, chili, spices, potatoes, coffee plants, eggplant, and leafy vegetables. Technical assistance is being provided to farmers to ensure that all vegetable crops are cultivated under GAP (Good Agricultural Practices) standards. Farmers are also being provided with technical guidance to ensure that all vegetables produced have minimal chemical residues and are safe for human health," said U Thein Khaing, Head of the Indaw Township Department of Agriculture.

It is reported that the Township Department of Agriculture is conducting training for vegetable farmers on GAP-based cultivation methods, providing technical support to ensure that harvested vegetables are safe and healthy, and encouraging farmers to expand vegetable cultivation.

In Indaw Township, a variety of seasonal vegetables are grown annually. It is reported that these crops are successfully cultivated, contributing to household income. The Township Department of Agriculture is also providing awareness on proper cultivation techniques, pest prevention, and the use of natural fertilizers, natural pesticides, and pest-repellent preparations.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Burned-out US aircraft carrier sailors near Iran tried to jump overboard – media

WASHINGTON August 12

Sailors on a US aircraft carrier operating near Iran attempted to jump overboard amid exhaustion and low morale caused by extended operations, several news outlets have reported, citing crew members' families.

Families have expressed concern over living conditions and mental health on the USS Abraham Lincoln, whose deployment began in late November and was expected to end in May but has since been extended indefinitely. The ship reportedly went long periods without regular port visits for replenishment, maintenance, and rest.

Annabelle Loma told Military Times on Tuesday that the ship's ombudsman had informed her that her husband had tried to jump off the carrier. "He thinks he'll get a dishonorable discharge, and just because he was burnt out," she said.

Maria Rodriguez, the wife of another sailor, said her husband had intervened in a separate incident, preventing a shipmate from going overboard.

According to Stars and Stripes, active-duty sailors and family members described a bleak atmosphere aboard the ship, detailing reports of suicidal thoughts and at least one case in which a crew member was prevented from jumping overboard.

"We've just been turning and burning the whole time we've deployed," a sailor told the publication, noting that morale, which was high at the beginning of the deployment, had declined.

MS NOW cited families as saying last week that the crew had struggled with food shortages and that the ship's store often lacked basic supplies such as toothpaste, soap, and deodorant.

The US Navy said in a statement on Monday that it was "continuously conducting assessments to monitor and sustain the psychological readiness of every sailor."

Acting Navy Secretary Hung Cao said the USS Theodore Roosevelt carrier strike group was preparing to relieve the Lincoln but did not provide a timeline, citing operational security.

The US and Israel launched their war against Iran with a wave of airstrikes on February 28. Iran, however, withstood the bombardment, while peace talks have largely stalled as the vital Strait of Hormuz remains closed to most shipping.

Polls show that US President Donald Trump's war has been consistently unpopular among Americans. According to an Economist/YouGov survey released on Tuesday, the president's approval rating dropped to 33 percent, its lowest level recorded by YouGov since he returned to office in 2025. **RT**

# Garbage chokes Metro Manila waterways after floods



MANILA August 12

Massive volumes of garbage have clogged waterways and drainage systems in Metro Manila, the Philippines, following days of heavy rains, local media reported on Wednesday.

Public Works Secretary Vince Dizon described the problem as a "garbage crisis," noting that clogged waterways exacerbated flooding amid continuous rains brought by the enhanced southwest monsoon.

Much of the garbage was not from the immediate area but had been carried from Manila Bay, with high tide and floodwaters contributing to its accumulation around pumping stations, according to the reports.

At the Baclaran River, Metropolitan Manila Development Authority (MMDA) General Manager Nicolas Torre III said clearing operations had so far hauled 45 dump truckloads, equivalent to about 500 tons of garbage, from the river since the operation started.

The government would continue clearing operations and dredging waterways to keep critical drainage infrastructure operational. The public were urged to refrain from throwing garbage into waterways, according to the reports.

**Xinhua**

# Houthis launch fresh ballistic missile attack on Yemen's Red Sea port city

SANAA August 12

Yemen's Houthi group launched a fresh ballistic missile attack on the Red Sea port city of Mocha on Wednesday, stepping up its attacks on areas controlled by the internationally recognized government, pro-government media reported.

The pro-government Aljoumhouriya TV cited a port official as saying that two missile strikes hit the maritime pier, causing further damage to port facilities. There were no immediate reports of casualties.

The latest attack came after two Houthi missile and drone attacks in Mocha since Sunday, leaving eight people, including four government soldiers, dead and dozens of others wounded, according to government sources.

The Houthis have said their recent strikes on Mocha targeted gatherings and positions of Saudi-backed forces, accusing them of preparing military operations against Houthi-held areas.

The Houthis have sharply intensified missile and drone attacks on government-held areas in Yemen and Saudi-linked targets in recent weeks, raising fears that the military escalation could unravel the relative calm that has largely prevailed since a United Nations-brokered truce took effect in 2022.

**Xinhua**

# Turkish F-16 jet crashes during training in NW Türkiye, pilot survives

ISTANBUL August 12

A Turkish Air Force F-16 fighter jet crashed during a training flight in the northwestern province of Yalova on Wednesday, with the pilot surviving the incident, the country's defence ministry said.

In a statement posted on social media, the ministry announced that the aircraft went down during a routine training mission and the pilot safely bailed out before the crash.

The exact cause of the accident will be determined following a detailed investigation, the ministry said.

A large number of ambulances and medical rescue teams were dispatched to the crash site following the incident, local media reported.

Live footage broadcast by Turkish news channel NTV showed a fireball and thick black smoke rising from the wreckage, visible from several locations across the province.

**Xinhua**

From Page - 18

for the nation's development and serves as a key driving force in shaping a better future.

Therefore, it is of great importance to nurture the youth into a new generation equipped with the five forms of strength, who value and love the nation, are committed to promoting Myanmar society, and possess sound thinking and good habits.

As the holistic development of Myanmar's youth constitutes a fundamental foundation and a key driving force for national development, it is necessary to place greater emphasis on and give priority to the development of the youth sector. Therefore, under the new government, the former Ministry of Sports and Youth Affairs has been restructured into two separate ministries—the Ministry of Sports and the Ministry of Youth Affairs—to give greater attention to the development of the youth sector.

The newly established Ministry of Youth Affairs is also required to create greater opportunities for the holistic development of the youth and to enhance their capabilities and potential. It is also important to provide the youth with opportunities to make meaningful contributions to their communities and to help them become a driving force in nation-building.



President U Min Aung Hlaing visits the booth where AI powered humanoid robots are showcased.

In today's era, advances in technology and international cooperation have expanded and strengthened opportunities for the youth in education, employment and entrepreneurship. These developments provide important impetus and opportunities for the youth to actively participate in regional and global development processes.

The new generation of the youth who are proficient in modern technologies and capable of navigating the digital world can keep pace with the global community and contribute to positive change. Therefore, the State needs to give due recognition to their innovation, entrepreneurial spirit and independent thinking, while creating greater opportunities for them to realize their potential.

He stressed that while information flows rapidly and drives progress in today's digital world, young people must remain mindful of the challenges that need to be addressed. He urged them to cultivate critical thinking skills to distinguish right from wrong when using technology, and emphasized the need to adhere to AI ethics and remain vigilant regarding cybersecurity. He concluded by calling on youth to avoid actions that harm the development and dignity of their nation and people, and to stand firmly as responsible digital citizens.



President of the Republic of the Union of Myanmar U Min Aung Hlaing hears a report on the displays.

He emphasized the need to strive for national development in alignment with a changing world, stressing that it is equally crucial to preserve national characteristics, traditional cultural heritage, and national spirit. He urged youth to become patriotic individuals who master modern technology while valuing their traditional cultural traits, thereby promoting the nation's dignity and standing on the global stage.

He stated that as global connections and networking continue to advance rapidly, young people need to actively participate in the international community. He added that the State is continuously providing support to enable Myanmar youth to stand shoulder to shoulder with the global community as constructive representatives of the nation.

He emphasized that in today's developing era, it is essential to build a peaceful, stable, and harmonious society alongside these ongoing changes, as this is the only way to realize the fruits of sustainable development. He added that if the younger generation contributes their mature perspectives and correct actions toward peacebuilding efforts, their combined strength will greatly support achieving the shared goals of peace and development.

In line with this year's International Youth Day theme, **"Different Contexts, Common Aspirations,"** he stressed the need to harness the diverse perspectives of young people and explore approaches that drive the country's socio-economic development. He urged everyone to unite the talents and resources of youth into a collective strength to address common challenges together.

He strongly urged all young men and women of the new generation across the nation to strive, through today's International Youth Day 2026 ceremony, to become good citizens who contribute to their environment and country, youth who effectively utilize modern technologies, experts who create innovations, and individuals who discover solutions for socio-economic development.

The President urged youths across the nation to strive not only to be well-versed in knowledge and education but also to equip themselves with modern technological skills. He called on them to actively participate in state-building tasks with a high sense of duty and accountability by leveraging their valuable and brilliant talents. Furthermore, the President encouraged them to train and nurture themselves to become outstanding and virtuous national treasures capable of taking over future national development responsibilities through a generational handoff, serving as reliable pillars for the country.

The President then presented awards to outstanding youths who won distinctions and gold medals in international competitions. The awardees included: Ma Thaw Dar Oo, a Grade-11 student from No. (2) Basic Education High School (Mudon), who won the Winner Award as Myanmar's representative artist at the 27th High School Students' Art Festival in Japan; Ma Chan Myae La Wun Thant, a second-year International Relations student from Naypyitaw State Academy, who received the Best Position Paper Award at the UNESCAP Asia-Pacific Trade Facilitation Forum X Paperless Trade Week-2026 held in Thailand; Ma Chue Kay Khine Kyaw, an ME (Arch) (Coursework) student, who secured the Winner Award representing Myanmar at the HONDA Y.E.S. (Young Engineer and Scientist's) Award 2025 in Japan; Mg Chit Min Aung, a Grade-12 student from the Institute of Sports and Physical Education (Monywa), who bagged a gold medal in the javelin throw event at the 17th SEA U 18 & U 20 Athletics Championships in Indonesia, another gold medal at the 14th ASEAN School Game in Brunei, and a bronze medal at the 68th Singapore Open Track & Field Championships held in Singapore; and Police Sergeant Thura Aung, who won a gold medal in the sitting

See Page - 19

# သတင်းတိုများ

## ရုရှားကုန်သင်္ဘောများကို သိမ်းပိုက်မှု ပူတင်သတိပေး

မော်စကို၊ စစ်ရေး

ရုရှားရဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးအပေါ်ပစ်မှတ်ထားပြီး သင်္ဘောတွေကို သိမ်းပိုက်နေတဲ့ အနောက်နိုင်ငံတွေရဲ့ လုပ်ရပ်အတွက် ရုရှားကလည်း အနောက်နိုင်ငံတွေရဲ့ ကုန်သင်္ဘောတွေကို ပြန်လည်သိမ်းပိုက်သွားနိုင်တယ်လို့ ရုရှားသမ္မတ ဗလာဒီမာပူတင်က ဩဂုတ်လ ၁၂ ရက်မှာသတိပေးလိုက်ပါတယ်။

ပစိဖိတ်ရေယာဉ်စုမှူးခေါင်းဆောင်တွေနဲ့ တွေ့ဆုံချိန်မှာပူတင်က အနောက်နိုင်ငံတွေဟာ ပင်လယ်ရေကြောင်းဥပဒေချိုးဖောက်ပြီး ရုရှားကုန်တင်သင်္ဘောတွေကို ပိတ်ဆို့သိမ်းပိုက်နေတာဟာ ပင်လယ်ဓားပြဆန်တဲ့ လုပ်ရပ်ပဲလို့ပြောခဲ့တာပါ။ ဗြိတိန်အပါအဝင် အနောက်နိုင်ငံတချို့က ပိတ်ဆို့မှုခံစာရင်းဝင် ရုရှားရေနံတင်သင်္ဘောတွေကို ဖမ်းဆီးခဲ့မှုအပေါ် ပူတင်ကအခုလိုမျိုးသတိပေးလိုက်တာဖြစ်ပါတယ်။ Ref: RT

## အမေရိကန်နဲ့ အပစ်ရပ်သက်တမ်းတိုးဖို့ ဆွေးနွေးနေခြင်းမရှိဟုဆို

တီဟီရန်၊ စစ်ရေး

အီရန်နဲ့အမေရိကန်ကြား အပစ်အခတ်ရပ်စဲရေးသက်တမ်းတိုးဖို့ ဆွေးနွေးတာမျိုးမရှိဘူးလို့ အီရန်မှထိပ်တန်းတာဝန်ရှိသူတစ်ဦးကပြောပါတယ်၊ အီရန်နဲ့အမေရိကန်တို့ဟာ ဇွန်လတုန်းကသဘောတူတဲ့ယာယီအပစ်ရပ်စဲကာလရက် ၆၀ ကို သက်တမ်းတိုးဖို့သဘောတူတယ်လို့ တူကီယဲသတင်းဌာနတစ်ခုကဖော်ပြပြီးတဲ့နောက် အီရန်ဘက်က အခုလို ငြင်းဆိုလိုက်တာပါ။

အမေရိကန်က သဘောတူညီချက်ရပြီး ၄၈ နာရီအတွင်းမှာတင်ယာယီအပစ်အခတ်ရပ်စဲရေးကိုချိုးဖောက်ပြီး နုတ်ထွက်သွားတာဖြစ်လို့ သက်တမ်းတိုးစရာမလိုဘူးလို့ အီရန်ကပြောထားပါတယ်။ Ref: ST

## အင်ဒိုနီးရှားမှာ ကူးတို့တစ်စင်း မီးလောင်

ဂျကာတာ၊ မတော်တဆမှု

အင်ဒိုနီးရှားနိုင်ငံ လွမ်ဘော့ကျွန်းကမ်းလွန်မှာ ဩဂုတ်လ ၁၂ ရက်နံနက်ပိုင်းက ကူးတို့ယာဉ်တစ်စင်းမီးလောင်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ၁၇၃ ဦးကိုကယ်ဆယ်လိုက်နိုင်တယ်လို့ တာဝန်ရှိသူများကပြောပါတယ်။

ကူးတို့ယာဉ်က ဘာလီကျွန်းမှလွမ်ဘော့ကျွန်းကိုသွားနေစဉ်မီးလောင်မှုဖြစ်တာပါ။ ကူးတို့ယာဉ်မှာလိုက်ပါသွားသူတွေကိုကယ်ဆယ်နိုင်ဖို့အတွက် လှေ ၂၀ဝ ကျော်ကိုအသုံးပြုထားပါတယ်၊ ကူးတို့ယာဉ်ပေါ်မှာ လိုက်ပါလာသူအရေအတွက်အတိအကျမသိရသေးပေမယ့် ပျောက်ဆုံးနေသူတွေလည်းရှိနေတယ်လို့ဆိုပါတယ်။ Ref: Xinhua

# အိမ်ဖြူတော်ပရိဝုဏ်၌ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဒေါ်လာသန်း ၉၀၀ သုံးမည်

ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ရဲ့ အစိုးရအဖွဲ့အနေနဲ့ အိမ်ဖြူတော်ပရိဝုဏ်ထဲမှာလုပ်ဆောင်မယ့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အနည်းဆုံးဒေါ်လာသန်း ၉၀၀ ကိုအသုံးပြုသွားဖို့လျာထားတယ်လို့ Washington Post သတင်းစာက တာဝန်ရှိသူတချို့ရဲ့ပြောဆိုချက်ကို ကိုးကားပြီး ဩဂုတ်လ ၁၂ ရက်မှာထုတ်ပြန်ထားပါတယ်။

အစိုးရအဖွဲ့အနေနဲ့ တည်ဆောက်သွားမယ့်ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကုန်ကျငွေကို ကွန်ဂရက်မှတောင်းခံသွားမှာမဟုတ်ဘဲ တခြားဌာနများနဲ့အလှူရှင်များထံမှရရှိတဲ့ငွေများကို အိမ်ဖြူတော်ထိန်းသိမ်းရေးလုပ်ငန်းအတွက်အသုံးပြုနေတဲ့ဘဏ်အကောင့်ထဲ တိုက်ရိုက်ထည့်သွားမှာဖြစ်တယ်လို့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

ကန်ထရိုက်စာချုပ်များနဲ့ ဆက်စပ်စီမံကိန်းစာရွက်စာတမ်းများအရ ထရမ့်အစိုးရအနေနဲ့ အိမ်ဖြူတော်အဆင့်မြှင့်တင်ရေးစီမံကိန်းများအတွက်ဆိုတဲ့ခေါင်းစဉ်ကနေ အဲဒီငွေတွေကိုထုတ်ယူသုံးစွဲသွားမယ်လို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အိမ်ဖြူတော်ဘက်က ဘယ်လိုထုတ်ပြန်မှုမှမပြုလုပ်ထားသေးပါဘူး။

Ref: ST

# တရုတ်နိုင်ငံက ပြည်တွင်းဖြစ်ခွဲစိတ်စက်ရုပ်နဲ့ နှလုံးခွဲစိတ်မှုကို အောင်မြင်စွာလုပ်ဆောင်နိုင်

ပေကျင်း၊ နည်းပညာ



တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ် ရှားမန်းမြို့ရှိ နှလုံးရောဂါဆေးရုံမှာ တရုတ်ပြည်တွင်းဖြစ်ခွဲစိတ်စက်ရုပ် အသုံးပြုပြီး ခက်ခဲလှတဲ့နှလုံးခွဲစိတ်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တယ်လို့ Xinhua သတင်းဌာနက ဩဂုတ်လ ၁၂ ရက်မှာဖော်ပြထားပါတယ်။ ဒီခွဲစိတ်မှုဟာ ပုံမှန်ခွဲစိတ်ခန်းတွေလိုမျိုး ခွဲစိတ်ဆရာဝန်တွေ၊ ကုတ်အင်္ကျီတွေဝတ်ဆင်ပြီး ခွဲစိတ်ခုတင်ဘေးမှာ ဝိုင်းအုံနေစရာမလိုဘဲ အောင်မြင်ခဲ့တာဖြစ်ပါတယ်။

ရှားမန်းတက္ကသိုလ်ဆေးရုံမှ ပါမောက္ခ ဝမ်ယန်းဟာ ခွဲခန်းအပြင်မှာရှိတဲ့ထိန်းချုပ်ခန်းကနေ မော်နီတာကိုကြည့်ပြီး Joystick နဲ့ခလုတ်တွေကို ထိန်းချုပ်ကာ အသက် ၇၄ နှစ်ရှိလူနာရဲ့ နှလုံးအဆို့ရှင်ပြုပြင်မှုကို မိနစ် ၉၀ အတွင်းမှာပဲ အသေးစားခွဲစိတ်မှုနည်းနဲ့ အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့တာပါ။ ဒါဟာ ၂၀၂၃ ခုနှစ်နောက်ပိုင်း အဲဒီဆေးရုံရဲ့ ၂၉ ကြိမ်မြောက် ခွဲစိတ်စက်ရုပ်အသုံးပြုခွဲစိတ်မှုဖြစ်ပါတယ်။

တရုတ်နိုင်ငံမှာ နှလုံးအဆို့ရှင်ရောဂါခံစားနေရသူ ၂၅ သန်းခန့်ရှိနေပြီး အသက်ကြီးသူများပြားလာတာနဲ့အမျှ ဆေးကုသမှုလိုအပ်ချက် ပိုမိုမြင့်မားလာနေပါတယ်။ သမားရိုးကျခွဲစိတ်နည်းတွေက ဆရာဝန်ရဲ့ အတွေ့အကြုံအပေါ် အလွန်အမင်းအမှီပြုနေရသလို ဆရာဝန်တွေမှာ ရေရှည်ခါးတတ်ရောင်ခြည်သင့်မှုနဲ့ ကျွမ်းကျင်ဆရာဝန်အင်အားမမျှတမှုဆိုတဲ့ စိန်ခေါ်မှုတွေရှိနေခဲ့တာပါ။

အခုတီထွင်လိုက်တဲ့ ခွဲစိတ်စက်ရုပ်ကို တက္ကသိုလ်ဆေးရုံက ရှန်ဟိုင်းအခြေစိုက်ကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းဖန်တီးထားတာဖြစ်ပြီး ဓာတ်ရောင်ခြည်သင့်မှုကို သုညအထိ လျှော့ချပေးနိုင်တဲ့အပြင် 5G နည်းပညာနဲ့ အဝေးထိန်းခွဲစိတ်မှုတွေကိုပါ ပြုလုပ်နိုင်လာပါတယ်။ ခွဲစိတ်စက်ရုပ်မှာပါတဲ့စက်ရုပ်လက်တံဟာ လူတွေမှာဖြစ်လေ့ရှိတဲ့လက်တုန်ယင်မှုကို ထိန်းညှိပေးတာကြောင့် မီလီမီတာထက်သေးငယ်တဲ့ အစိတ်အပိုင်းအထိ တိကျစွာခွဲစိတ်နိုင်စွမ်းရှိတယ်လို့ သိရပါတယ်။

Ref: Xinhua

# အီရန်က စစ်ပွဲအတွက် တိုက်စစ်ပုံစံပြောင်းလဲ

တီဟီရန်၊ စစ်ရေး

အမေရိကန်နဲ့ အစ္စရေးတို့ကပူးပေါင်းပြီး လုပ်ဆောင်နေတဲ့စစ်ပွဲက ရေရှည်သွားနိုင်ခြေရှိတာကြောင့် အီရန်တပ်မတော်ဟာ ယခင်ကာကွယ်ရေးစနစ်ကနေ အခုတော့ စစ်ပွဲနောက်တစ်ဆင့်အတွက် တိုက်စစ်ဆင်တဲ့ပုံစံကိုပြောင်းလဲပြင်ဆင်နေပြီဖြစ်ပါတယ်။

အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ရဲ့ ထိပ်တန်းအရာရှိ မိုဟာမက်ရီဇာနက်ဒီက အခွင့်အခါသင့်တာနဲ့ ရန်သူ့နယ်မြေထဲအထိ ဝင်ရောက်တိုက်ခိုက်နိုင်အောင် စစ်ဗျူဟာပြောင်းလိုက်တာဖြစ်တယ်လို့ ဆိုပါတယ်။ စစ်ဆင်ရေးတွေကို ပိုမိုမြန်မြန်ဆန်ဆန်နဲ့ အချိန်နဲ့တစ်ပြေးညီ ကွပ်ကဲနိုင်ဖို့အတွက် စစ်ဌာနချုပ်တွေကို ပေါင်းစည်းလိုက်သလို စစ်ပွဲမှာသဘောထားတင်းမာတဲ့အရာရှိများကိုလည်း ထိပ်ပိုင်းရာထူးများမှာအစားထိုးခန့်အပ်ထားတယ်လို့ သူကပြောပါတယ်။

ဒါ့အပြင် အီရန်နိုင်ငံဟာဒုံးကျည်တွေကို သုံးစွဲနေတဲ့နှုန်းထက် ပိုမိုများပြားအောင် ဆက်တိုက်ထုတ်လုပ်နေပြီး စစ်ပွဲကြီးက ဘယ်လောက်ပဲကြာကြာ တိုက်ခိုက်သွားနိုင်စွမ်းရှိတယ်လို့သူကဆက်ပြောပါတယ်။ အမေရိကန်ဘက်က ရန်လိုတာမရပ်သမျှ ဟော်မုဇ်ရေလက်ကြားကို ပိတ်ထားမယ်လို့ တော်လှန်ရေးအစောင့်တပ်ဖွဲ့ရဲ့ တပ်မှူးအသစ် အာမတ်ဗာဟီဒီက သတိပေးထားပါတယ်။ Ref: ST





# ဥရောပနေသူများ ပြင်းထန်အပူလှိုင်းနဲ့ ထပ်မံကြုံတွေ့ရနိုင်

ဘရပ်ဆဲ၊ ရာသီဥတု

ဥရောပတိုက်ရဲ့ ဒေသအတော်များများမှာ အပူလှိုင်းအသစ်တစ်ခု ထပ်မံရိုက်ခတ်နေတာကြောင့် ပြင်သစ်၊ အီတလီနဲ့ စပိန်နိုင်ငံတို့အပါအဝင် ဥရောပမှာနေထိုင်တဲ့ လူဦးရေအနည်းဆုံး သန်း ၉၀ ကျော်ဟာ ပြင်းထန်အပူလှိုင်းနဲ့ထပ်မံကြုံတွေ့ရနိုင်ပါတယ်။ သူတို့အနေနဲ့ အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထက်ကျော်လွန်တဲ့ အပူဒဏ်ကို ရင်ဆိုင်ရမှာပါ။

ဂျာမနီမိုးလေဝသဌာနရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားတာက ဩဂုတ်လ ၁၂ ရက်ရက်မှာ ဥရောပလူဦးရေရဲ့ ထက်ဝက်ကျော်ဖြစ်တဲ့ သန်း ၃၀၀ နီးပါးဟာ အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်အထက်ကို ကြုံတွေ့ရမှာဖြစ်ပြီး ဥရောပအနောက်ပိုင်းနဲ့ တောင်ပိုင်းတို့မှာ အပူဒဏ်အပြင်းထန်ဆုံးခံရမယ်လို့ ဆိုပါတယ်။ ပြင်သစ်မှာ လူဦးရေသန်း ၃၀၊ အီတလီမှာ ၂၉ သန်းနဲ့ စပိန်မှာ ၂၁ သန်းခန့်ဟာ အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထက် ကြုံတွေ့ရမှာဖြစ်သလို ဗြိတိန်မှာလည်း ၄၃ သန်းခန့်အနေနဲ့ အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်အထက်ရောက်ရှိပြီး သမိုင်းဝင် အပူဆုံးနွေရာသီ စံချိန်တင်ဖို့ ရှိနေပါတယ်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာပေါ်မှာ အပူချိန်မြင့်တက်မှု အမြန်ဆုံးတိုက်ကြီးဖြစ်တဲ့ ဥရောပမှာ အခုလိုမျိုးအပူလှိုင်းတွေ ဆက်တိုက်ရိုက်ခတ်လာမှုကြောင့် မိုးခေါင်ရေရှားမှုနဲ့ တောမီးလောင်ကျွမ်းမှုတွေကြုံတွေ့နေရပြီး လူထောင်ပေါင်းများစွာသေဆုံးခဲ့ရပါတယ်။

Ref: ST

# ငလျင်များကပေးတဲ့သင်ခန်းစာနဲ့ ထိခိုက်ပျက်စီးမှုများရတဲ့အကြောင်းရင်းများ

ပြီးခဲ့တဲ့သီတင်းပတ်များအတွင်းက ဗင်နီဇွဲလားနိုင်ငံမှာ အားပြင်းတဲ့ ငလျင်နှစ်ခုဆက်တိုက်လှုပ်ခတ်ခဲ့တာကြောင့် အခုချိန်အထိ လူသေဆုံးမှုတွေရှိနေဆဲပါ။ ဩဂုတ်လ ၁၂ ရက်ထုတ် ပြန်ချက်အရဆိုရင် အဲဒီငလျင်မှာ သေဆုံးသူစုစုပေါင်း ၆၃၀၀ ကျော်သွားပြီလို့သိရပါတယ်။ ဗင်နီဇွဲလားရဲ့အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ကိုလံဘီယာနိုင်ငံမှာလည်း ပြီးခဲ့တဲ့ရက်အနည်းငယ်က အားပြင်းတဲ့ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပါသေးတယ်။ လက်ရှိမှာတော့ လူ ၂၅၀ ကျော်သေဆုံးထားပါတယ်။

ဗင်နီဇွဲလားမှာလှုပ်ခတ်ခဲ့တဲ့ ငလျင်က ပြင်းအား ၇ ဒသမ ၅ နဲ့ ၇ ဒသမ ၂ မဂ္ဂနီကျူရှိပါတယ်။ ကိုလံဘီယာမှာက ၇ ဒသမ ၄ မဂ္ဂနီကျူရှိပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အဲဒီနှစ်နိုင်ငံမှာလှုပ်ခတ်ခဲ့တဲ့ငလျင်တွေက တော်တော်လေးပြင်းထန်တာကိုတွေ့ရမှာပါ။ မကြာသေးခင်ကလည်း ကမ္ဘာ့နေရာဒေသအနှံ့အပြားမှာ သာမန်ထက်အားပြင်းတဲ့ငလျင်တွေလှုပ်ခတ်ခဲ့ပါသေးတယ်။ ဒီအချိန်မှာ လူအများစုက ငလျင်အကြောင်းကို ပိုမိုစိတ်ဝင်စားလာကြပါတယ်။ တစ်ချိန်တည်းမှာ "ဘာကြောင့် ဒီငလျင်တွေဟာ အသက်ပေါင်းများစွာကို ချက်ချင်းနုတ်ယူနိုင်လောက်အောင်အားပြင်းရတာလဲ" ဆိုတာနဲ့ ပတ်သက်ပြီး သိပ္ပံပညာရှင်တွေနဲ့ ရာသီဥတု/ကမ္ဘာမြေလေ့လာသူတွေကြားမှာ မေးခွန်းများစွာကို ထွက်ပေါ်လာခဲ့ပါတယ်။ အခုတင်ပြမယ့်ဆောင်းပါးမှာတော့ ငလျင်တွေဘာကြောင့်ဖြစ်တယ်။ ငလျင်လှုပ်ရင်ဘာကြောင့် လူသေဆုံးမှုများတယ်ဆိုတာတွေနဲ့ပတ်သက်ပြီး ရေးသားတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မှီတင်းနေထိုင်နေတဲ့ကမ္ဘာမြေကြီးရဲ့ အပေါ်ယံလွှာဟာ တစ်ဆက်တည်းရှိတာ မဟုတ်ပါဘူး။ အပိုင်းပိုင်းပြတ်နေတဲ့ ကျောက်ချပ်လွှာကြီးများစွာနဲ့စုစည်းထားတာပါ။ ကိုလံဘီယာနဲ့ ဗင်နီဇွဲလားအပါအဝင် တောင်အမေရိကဒေသတစ်ခုလုံးက နက်ဇကာကျောက်ချပ်လွှာ၊ တောင်အမေရိက ကျောက်ချပ်လွှာ၊ ကာရေဘီယံ ကျောက်ချပ်လွှာတို့ရဲ့ နယ်နိမိတ်ပေါ်မှာ တည်ရှိနေပါတယ်။

ဒီကျောက်ချပ်လွှာကြီးတွေဟာ တစ်နှစ်ကို စင်တီမီတာအနည်းငယ်မျှသောပမာဏနဲ့ တစ်ခုနဲ့တစ်ခုအောက်ငုပ်လျှိုးဝင်ရောက်ခြင်း၊ သို့မဟုတ် ဘေးတိုက်တိုးဝှေ့ခြင်းတွေကို အဆက်မပြတ်ပြုလုပ်နေကြတာပါ။ အဲဒီလို တိုးဝှေ့ရင်းကနေ နှစ်ပေါင်းများစွာကြာတဲ့အခါ မြေအောက်ထဲမှာ စွမ်းအင်တွေစုစည်းလာပါတယ်။ စုစည်းနေတဲ့ စွမ်းအင်တွေက ရုတ်တရက်လွှတ်ထွက်သွားတဲ့အခါ ကျောက်ချပ်လွှာကြီးတွေတုန်လှုပ်သွားပြီး ငလျင်အဖြစ်ဖန်တီးလိုက်တာဖြစ်ပါတယ်။

ကိုလံဘီယာ အမျိုးသားတက္ကသိုလ်မှ ဘူမိဗေဒပညာရှင် ဂျာမန်ပရီယက်တိုရဲ့ ပြောဆိုချက်ကိုကြည့်မယ်ဆိုရင် အခုဖြစ်ပွားတဲ့ ကိုလံဘီယာငလျင်ဟာ နက်ဇကာကျောက်ချပ်လွှာက တောင်အမေရိကကျောက်ချပ်လွှာအောက်ကို မြေအောက်အနက်ကြီးထဲမှာ ထိုးဝင်ရာကနေ ဖြစ်ပေါ်လာတာဖြစ်တယ်လို့သိရပါတယ်။ ကိုလံဘီယာဟာ ငလျင်ကြောပေါ်မှာ တည်ရှိနေတဲ့အတွက် ငလျင်လှုပ်တာကို တားဆီးလို့မရနိုင်ပေမယ့် ကြိုတင်ပြင်ဆင်မှုတွေနဲ့ ထိခိုက်မှုကို လျှော့ချနိုင်တယ်လို့ ပညာရှင်တွေက ထောက်ပြကြပါတယ်။

ငလျင်တစ်ခုရဲ့ သက်ရောက်မှုအားကို တိုင်းတာတဲ့အခါ အဓိကအချက်နှစ်ချက်ရှိပါတယ်။ အဲဒါတွေကတော့ ငလျင်ရဲ့ပြင်းအားနဲ့ ငလျင်ဗဟိုချက်အနက်တို့ဖြစ်ပါတယ်။ မကြာသေးမီက လှုပ်ခတ်ခဲ့တဲ့ ကိုလံဘီယာငလျင်ဟာ ပြင်းအားပမာဏ ၇ ဒသမ ၄ မဂ္ဂနီကျူရှိပြီး မြေအောက်အနက်ကီလိုမီတာ ၁၀၀ ဝန်းကျင်မှာဗဟိုပြုလှုပ်ခတ်ခဲ့တာပါ။ ဗင်နီဇွဲလားမှာလှုပ်တဲ့ငလျင်တွေကတော့ ပြင်းအား ၇ ဒသမ ၂ နဲ့ ၇ ဒသမ ၅ အသီးသီးရှိပေမယ့် မြေအောက်အနက် ကီလိုမီတာ ၂၀ ဝန်းကျင်မှာဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။

ငလျင်တစ်ခုဟာ ဗဟိုချက်အနက် ပိုမိုနက်ရှိုင်းလေလေ၊ စွမ်းအင်တွေမြေပြင်ပေါ်ရောက်ဖို့သွားရတဲ့ ခရီးဝေးလေလေဖြစ်တာကြောင့် စွမ်းအင်အချို့ပျက်ပြယ်ပြီး မြေပြင်ပေါ်က ပျက်စီးမှုကိုသက်သာစေတာဖြစ်ပါတယ်။ ကိုလံဘီယာ ငလျင်ရဲ့ ဗဟိုချက်ကနက်တာကြောင့် တုန်ခါမှုကို အိမ်နီးချင်းနိုင်ငံတွေကပါ ခံစားရပေမယ့် ဗင်နီဇွဲလားငလျင်လို အောက်ခြေနီးနီးမှာ ဖြစ်မသွားတဲ့အတွက် ကြီးမားတဲ့ဘေးဒုက္ခဆိုးကြီးကနေ လွတ်မြောက်ခဲ့ရတာပါ။

ဒါ့အပြင် ငလျင်ပြင်းအားကိုတိုင်းတာတဲ့ပမာဏမှာ ၁ ဒီဂရီတိုးသွားလေတိုင်း စွမ်းအင်ထုတ်လွှတ်မှုက အဆ ၃၀ ကျော်ပိုပြင်းထန်လာပါတယ်။ ဒါကြောင့် ပြင်းအား ၇ ရှိတဲ့ ငလျင်ဟာ ပြင်းအား ၆ ရှိတဲ့ငလျင်ထက် စွမ်းအင်ပမာဏ ၃၂ ဆကျော်ပိုမိုများပြားပါတယ်။ ၁၉၀၆ ခုနှစ်က ကိုလံဘီယာနဲ့ အီကွေဒေါ နယ်စပ်မှာ လှုပ်ခတ်ခဲ့တဲ့ပြင်းအား ၈ ဒသမ ၈ မဂ္ဂနီကျူရှိတဲ့ငလျင်ကြီးဆိုရင် အခုလှုပ်ခတ်တဲ့ ငလျင်ထက်စွမ်းအင် ၁၂၆ ဆပိုမိုထုတ်လွှတ်တာကြောင့် ဆူနာမီလှိုင်းကြီးတွေပါဖြစ်ပေါ်စေခဲ့ဖူးပါတယ်။ နောက်ထပ် အဓိကအချက်ကတော့ ငလျင်လှိုင်းလှုပ်ရှားမှုသဘောသဘာဝဖြစ်ပါတယ်။ ကိုလံဘီယာနဲ့ ဗင်နီဇွဲလားငလျင်တွေဟာ မြေလွှာတွေဘေးတိုက်အလျားလိုက် ရွေ့လျားတာဖြစ်ပါတယ်။ ဒီလိုဘေးတိုက်ခါယမ်းတုန်လှုပ်မှုဖြစ်တဲ့အခါ အဆောက်အအုံတွေရဲ့ အောက်ခြေကိုအပြင်းအထန်ရိုက်ခတ်တာကြောင့် အဆောက်အအုံတွေပြိုကျဖို့ ပိုမိုလွယ်ကူသွားစေပါတယ်။

ငလျင်ကြောင့် လူများစွာသေဆုံးရတဲ့ အဓိကအကြောင်းရင်းဟာ ငလျင်လှုပ်တာကြောင့်မဟုတ်ဘဲ အဆောက်အအုံတွေပြိုကျလို့ဖြစ်ပါတယ်။ ဒါကြောင့် ဂျပန်နဲ့ ချီလီတို့လိုမျိုး ငလျင်ဒဏ်သင့်ဒေသတွေမှာ အဆောက်အအုံတွေကို အပြင်းအထန်တုန်ခါရင်တောင်ပြိုမကျဘဲ ယိမ်းထိုးနိုင်အောင် နည်းပညာမြင့်မားစွာပေါင်းစပ်ပြီး တည်ဆောက်ထားကြပါတယ်။ ဒါပေမဲ့ လက်တင်အမေရိကအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားမှာတော့ အဆောက်အအုံတည်ဆောက်ရေးစံနှုန်းတွေ အားနည်းတာ၊ ဒါမှမဟုတ် စံနှုန်းတွေကို တိတိကျကျလိုက်နာမှုမရှိတာမျိုးတွေ ကြုံတွေ့ရလေ့ရှိပါတယ်။



■ နံရံပါးပါးနဲ့အားနည်းတဲ့တည်ဆောက်မှုတွေဟာ အလျားလိုက် ငလျင်လှိုင်းရိုက်ခတ်မှုကို ကြုံတွေ့ရတဲ့အခါနံရံတွေမှာ အက်ကြောင်းကြီးတစ်ခုတည်းဖြစ်သွားပြီး သံချောင်းတွေ ရုတ်တရက်ပြတ်ထွက်ကာ တစ်အိမ်လုံးချက်ချင်းပြိုကျသွားရ . . .

သုတေသနပြုချက်တွေအရ ကိုလံဘီယာအပါအဝင် အိမ်နီးချင်းနိုင်ငံများရှိ အဆောက်အအုံတွေမှာ အသုံးပြုထားတဲ့ ကွန်ကရစ်နံရံတွေ အလွန်ပါးလွှာနေတာတွေ့ရပါတယ်၊ ပုံမှန်အားဖြင့် အလျားလိုက် ငလျင်လှိုင်းဒဏ်ကိုခံနိုင်ဖို့ ကွန်ကရစ်နံရံတွေထဲမှာ သံချောင်းတွေကို စနစ်တကျ အကွက်ချယှက်လိမ်ထည့်သွင်းရပေမယ့် အဲဒီဒေသက အဆောက်အအုံအများအပြားမှာတော့ ၇ စင်တီမီတာကနေ ၁၀ စင်တီမီတာအထိပဲသွားတဲ့ နံရံပါးလေးတွေမှာ သံဆန်ခါကွက်တစ်ခုတည်းကိုထည့်သွင်းအသုံးပြုထားကြပါတယ်။

ဒီလိုမျိုးနံရံပါးပါးနဲ့ အားနည်းတဲ့တည်ဆောက်မှုတွေဟာ အလျားလိုက်ငလျင်လှိုင်းရိုက်ခတ်မှုကို ကြုံတွေ့ရတဲ့အခါ နံရံတွေမှာ အက်ကြောင်းကြီးတစ်ခုတည်းဖြစ်သွားပြီး သံချောင်းတွေ ရုတ်တရက်ပြတ်ထွက်ကာ တစ်အိမ်လုံးချက်ချင်းပြိုကျသွားရတာပါ။ ၂၀၁၁ ခုနှစ်က နယူးဇီလန်နိုင်ငံ ခရိုက်ချာ့မှာလှုပ်တဲ့ငလျင်မှာ တုန်းကလည်း ဒီလိုအားနည်းတဲ့ ကွန်ကရစ်အူကြောင်းပါ အဆောက်အအုံတွေ ပြိုကျခဲ့တာကြောင့် နောက်ပိုင်းမှာ နိုင်ငံတကာစံချိန်စံညွှန်းတွေကို ပြန်လည်ပြင်ဆင်ခဲ့ကြရပါတယ်။

အဆောက်အအုံတည်ဆောက်ပုံအပြင် အဆောက်အအုံကိုစိုက်ထူထားတဲ့ မြေဆီလွှာအမျိုးအစားကလည်း ခါယမ်းမှုကို ပိုမိုပြင်းထန်စေနိုင်ပါတယ်။ ပျော့ပျောင်းတဲ့ မြေဆီလွှာ၊ သဲဆန်မြေ သို့မဟုတ် ရွှံ့ညွန်မြေတွေအပေါ်မှာ တည်ဆောက်ထားတဲ့ မြို့တွေက ငလျင်လှုပ်တဲ့အခါ မြေအောက်က လှိုင်းတွေကို ပိုကြီးမားအောင် ချဲ့ပေးသလိုဖြစ်သွားပြီး အဆောက်အအုံတွေကို ပိုမိုယိမ်းထိုးပြိုကျစေပါတယ်။ ဒ့ါအပြင် မြို့ပြလူဦးရေထူထပ်မှုနဲ့ အကွက်ချပုံစံမရှိဘဲ ဖြစ်သလို ဆောက်လုပ်ထားတဲ့ ရပ်ကွက်တွေများပြားတာကလည်း သေပျောက်မှုနှုန်းကို မြင့်တက်စေတဲ့ အချက်တစ်ချက်ပါ။ ၂၀၁၀ ပြည့်နှစ်က ဟေတီနိုင်ငံမှာ လှုပ်ခဲ့တဲ့ ငလျင်တုန်းကဆိုရင် စံချိန်စံညွှန်းမမီတဲ့ အဆောက်အအုံတွေကြောင့် လူ ၃ သိန်းကျော်အထိ သေဆုံးခဲ့ရတဲ့ သမိုင်းဝင်ဖြစ်စဉ်ရှိခဲ့ဖူးပါတယ်။

စစ်မှန်တဲ့ သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုတာ ငလျင်လှုပ်ပြီးမှ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်တာတစ်ခုတည်းမဟုတ်ပါဘူး။ ကြိုတင်ပြင်ဆင်မှုကွင်းဆက်တစ်ခုလုံး စနစ်တကျအကောင်အထည်ဖော်တာပေါ်မှာ အဓိကမူတည်နေပါတယ်။ ပထမဆုံးအနေနဲ့ မြို့ပြစီမံကိန်းနဲ့ အဆောက်အအုံစံချိန်စံညွှန်းတွေက အရေးကြီးဆုံးပါ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စံချိန်စံညွှန်းမမီတဲ့ တည်ဆောက်မှုတွေနဲ့ တိကျတဲ့ စစ်ဆေးမှုအားနည်းတာတွေဟာ သေပျောက်မှုနှုန်းမြင့်တက်စေတဲ့ အဓိကတရားခံဖြစ်နေဆဲပါ။ စံချိန်မီအဆောက်အအုံတည်ဆောက်ဖို့သာမက ဟောင်းနွမ်းနေတဲ့တိုက်တာတွေနဲ့ မခိုင်ခံ့တဲ့နေအိမ်တွေရဲ့ ငလျင်ဒဏ်ခံနိုင်ရည်ကို ပြန်လည်မြှင့်တင်ပေးမယ့် ခိုင်မာတဲ့မူဝါဒတွေမဖြစ်မနေလိုအပ်ပါတယ်။

ဒုတိယအချက်ကတော့ နည်းပညာနဲ့ ကြိုတင်သတိပေးစနစ်တွေကို ထိရောက်စွာအသုံးပြုဖို့ဖြစ်ပါတယ်။ နယ်စပ်ဖြတ်ကျော် ငလျင်တိုင်းတာရေး ကွန်ရက်တွေ တိုးချဲ့တာ၊ နည်းပညာမြင့် ကွန်ရက်တွေကို အသုံးပြုပြီး အရေးပေါ်သတိပေးချက်တွေကို ပြည်သူတွေဆီစက္ကန့်ပိုင်းအတွင်းမှာ ရောက်အောင်ဖန်တီးပေးတာတွေက မလိုလားအပ်တဲ့သေဆုံးမှုကို သိသိသာသာ လျှော့ချပေးနိုင်မှာပါ။ တတိယအချက်ကတော့ ပြည်သူကိုအသိပညာပေးရေးနဲ့ စီမံခန့်ခွဲမှုဖြစ်ပါတယ်။ ငလျင်လှုပ်ပြီးနောက် ဖြစ်ပေါ်လေ့ရှိတဲ့ နောက်ဆက်တွဲငလျင်တွေကြောင့် ထိခိုက်နေတဲ့အဆောက်အအုံတွေပြိုကျပြီး ထပ်မံသေဆုံးရတာတွေကို တားဆီးဖို့ သတိပေးစနစ်တွေ၊ အရေးပေါ်ထွက်ပေါက်လမ်းကြောင်းတွေနဲ့ သဘာဝဘေးဆိုင်ရာလေ့ကျင့်ခန်းတွေကို ပုံမှန်ပြုလုပ်ပေးဖို့လိုပါတယ်။

ခြုံငုံပြီးပြောရရင် ငလျင်လှုပ်ခြင်းဆိုတဲ့ သဘာဝရဲ့ဖြစ်စဉ်တွေကို ကျွန်တော်တို့ လူသားတွေအနေနဲ့တားဆီးဖို့ မဖြစ်နိုင်သေးပါဘူး။ ဒါပေမဲ့ မြေအောက်လှုပ်ရှားမှုဆိုင်ရာ သိပ္ပံနည်းကျလေ့လာတွေ့ရှိချက်တွေကိုအသုံးချပြီး ခိုင်မာတဲ့မြို့ပြစီမံကိန်း၊ တင်းကျပ်တဲ့တည်ဆောက်ရေးစံနှုန်းနဲ့ ပြည့်စုံတဲ့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်တွေကို သတိရှိရှိပြင်ဆင်ထားကြမယ်ဆိုရင်တော့ ဘေးအန္တရာယ်ကြုံတွေ့ရချိန်မှာ ထိခိုက်ပျက်စီးမှုနဲ့ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးရမှုပမာဏကို အနည်းဆုံးဖြစ်အောင်လျှော့ချနိုင်ကြမှာ ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**Ref: ST**

ထက်မြတ်

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသားကိုးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသားသုံးဦး၊ ယူဂမ်ဒါနိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦးအား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။



ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ပြည်ပနိုင်ငံသားများအား ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

အဆိုပါပြည်ပနိုင်ငံသားများကိုသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၉ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၌ ရပ်ထားသည့်မော်တော်ယာဉ်အတွင်းမှ ငွေကျပ်သိန်း ၆၀၀ ခိုးယူသူအား သက်သေခံပစ္စည်းများနှင့်အတူဖော်ထုတ်ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

❖ **ကျောဖုံးမှအဆက်**

ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအား ဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းချက်အရ ကမာရွတ်မြို့မရဲစခန်း၌ (ပ)၁၅၂/ ၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အမှုရေးဖွင့်ပြီး ခိုးမှုကျူးလွန်သူ တရားခံအား စုံစမ်းဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများအား စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်းရယူစုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ ခိုးမှုကျူးလွန်သူ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ အုန်းကုန်းကျေးရွာနေ တရားခံဇော်လတ်(ခ)အောင်ဇော်လတ်(၃၈) နှစ်အား ဩဂုတ်လ ၉ ရက်နေ့ ညပိုင်းတွင် ၎င်း၏နေအိမ်၌ ခိုးမှုကျူးလွန်ရာမှ ရရှိခဲ့သည့် ငွေကျပ်သိန်း ၁၄၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဇော်လတ်(ခ)အောင်ဇော်လတ်အား စစ်ဆေးရာ ၎င်းသည် ဩဂုတ်လ ၅ ရက်နေ့ နံနက်၁၁ နာရီခွဲအချိန်တွင်ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်းမပေါ်ရှိ MAB Bank အနီး လမ်းဘေး၌ ရပ်တန့်ထားသည့် YGN-8 2F-xxxx NISSAN MARCH အဖြူရောင်ယာဉ်ပေါ်မှ ပိုင်ရှင်အမျိုးသမီးဆင်းလာကာ ယာဉ်အားလော့ချစဉ် ၎င်းမှမော်တော်ယာဉ်၏ဝဲဘက်အနောက်တံခါးလက်ကိုင်ကွင်းအား လော့ချမရအောင် မတင်ထားခဲ့ကြောင်း၊ ထို့နောက် ယာဉ်ပိုင်ရှင်ဖြစ်သူ အမျိုးသမီးမှ MAB Bank သို့သွားရောက်နေစဉ် ယာဉ်နောက်ခန်းအတွင်းရှိ ငွေကျပ်သိန်း ၆၀၀ အား ခိုးယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ ဇော်လတ်(ခ)အောင်ဇော်လတ်၏ ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေး ဆက်လက်ဆောင်ရွက်ရာ ဩဂုတ်လ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် ခိုးမှုကျူးလွန် ရာမှရရှိသည့် ငွေကျပ်သိန်း ၆၀၀ မှ ဝယ်ယူထားသည့် ရွှေလက်စွပ်နှစ်ကွင်းနှင့် ငွေကျပ်သိန်း ၁၀၀ အား ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိနေအိမ်မှလည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အမှတ်(၅)ရပ်ကွက်ရှိ နေအိမ်မှ ငွေကျပ်သိန်း ၁၀၀ အားလည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် မော်တော်ယာဉ်အတွင်းမှ ငွေကျပ်သိန်း ၆၀၀ ခိုးယူသူတရားခံဇော်လတ်(ခ)အောင် ဇော်လတ်အား သက်သေခံပစ္စည်းများဖြစ်သည့် ရွှေလက်စွပ်နှစ်ကွင်း၊ ငွေကျပ်သိန်း ၃၄၀ တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆင်စခန်းများတွင် ဆင်စာဘူဖေးကျွေးခြင်းဖြင့် ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ညောင်ဦး ဩဂုတ် ၁၂

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆင်စခန်း၂၀ တို့တွင် ဆင်စာဘူဖေးကျွေးခြင်းဖြင့် ယနေ့ကျရောက်သည့် ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပပြီး ဆင်စာဘူဖေးအဖြစ် နာနတ်သီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ သခွားသီး၊ ရွှေဖရုံသီး၊ သရက်သီး၊ ကြံ၊ နေဗီယာမြက်၊ ကိုင်းမြက်၊ ဝါးရွက်၊ ပြောင်းဖူး စသည်တို့ကို ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့ဆင်များနေ့ကို ကမ္ဘာပေါ်ရှိ ဆင်များအား ကာကွယ်ထိန်းသိမ်းကြရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှ စတင်ကာ နှစ်စဉ် ကျင်းပခဲ့သည်။

ဆင်စာဘူဖေးကျွေးခြင်းကို ဆင်စခန်းရှိ စခန်းတာဝန်ခံ၊ ဆင်ဦးစီး ၊ ဆင်ပဲ့ချိတ်များ ဦးဆောင်ကာ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ငလိုက် စခန်းသာဆင်စခန်းနှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝင်္ဂဘော် ကျေးရွာအနီး ဖွင့်လှစ်ထားသည့်ဝင်္ဂဘော်ဆင်စခန်းတို့တွင်လည်း ကျင်းပခဲ့သည်။

ထို့ပြင် ဆင်များနှင့်အတူ ဘောလုံးကစားခြင်း၊ ရေကစားခြင်း၊ ဆင်များကိုတောတောင်အတွင်း လွှတ်ကျောင်းခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

○ စာမျက်နှာ ၂၅ မှအဆက်

ဆေးချလိုက်သည့်ရေတွင် ပါဝင်နေသော အာဆင်းနစ်ကို လျှော့နည်းအောင်ပြုလုပ်ပြီးမှ စွန့်ပစ်ရန်လိုအပ်သည်။

(ခ) သွင်းရေဖြင့်ဆေးချရန်အခက်အခဲရှိပါက အာဆင်းနစ်အဆိပ်အတောက် (Arsenic Contamination)ဖြစ်နေသော သဲနုန်းများကို စိုက်ပျိုးမည့်သီးနှံအမြစ်ဆင်းနိုင်သည့်အနက်အထိ ဖယ်ရှားခြင်း သို့မဟုတ် အာဆင်းနစ် အဆိပ်အတောက်မဖြစ်သော မူလမြေသားများနှင့် ရောနှောခြင်းဖြင့် အာဆင်းနစ်ပါဝင်မှုကို လျှော့ကျစေနိုင်သည်။ ယင်းကဲ့သို့ အာဆင်းနစ်ပါဝင်မှုများသော မြေများကိုဖယ်ရှားရာတွင် စနစ်တကျဖယ်ရှားမှသာ သဘာဝ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ကျစေနိုင်သည်။

(ဂ) သွင်းရေဖြင့် ဆေးချခြင်းနှင့် ရေကြီးပြီးနောက်ပို့ကျလာသောနုန်းနှင့် သဲနုန်းများကိုဖယ်ရှားရန် အခက်အခဲရှိပါက မြေပြုပြင်ပစ္စည်းများဖြစ်သည့် သဘာဝမြေဆွေး၊ ကောင်းစွာဆွေးမြည့်နေသော နွားချေး၊ ကြက်ချေး အစရှိသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ သစ်စိမ်းမြေဩဇာ၊ သစ်ရွက်ဆွေး၊ အပင်အကြွင်းအကျန်နှင့် စက်ဖွဲပြာများကိုတစ်ကေလျှင် (၂-၈ တန်) နှုန်း ထည့်သွင်းပေးခြင်းဖြင့် အာဆင်းနစ်ပါဝင်မှုကို လျှော့ချနိုင်သည်။

(ဃ) မြေဆီလွှာ၌အာဆင်းနစ်အဆိပ်အတောက်ဖြစ်မှုကို အနီးအနားရှိ လယ်ကွက်များသို့ ပျံ့နှံ့မသွားစေရန် ကန်သင်းလုံအောင် ကန့်ထားပေးရမည်။

(င) သီးနှံစိုက်ပျိုးရာတွင် မြေဆီလွှာထဲရှိ အာဆင်းနစ်ကို စုပ်ယူမှုနည်းသော ဂျုံ၊ ပြောင်း၊ ခရမ်းချဉ်၊ ငရုတ်၊ ဖရုံ၊ သခွားမွှေး၊ သခွား အစရှိသည့် အာဆင်းနစ်အဆိပ်သီးနှံများကို ရွေးချယ်စိုက်ပျိုးသင့်သည်။ ပဲသီးနှံစိုက်ပျိုးလိုပါက ပဲပုပ်ကဲ့သို့သော အာဆင်းနစ်စုပ်ယူမှုနည်းသော ပဲမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်သည်။ အာဆင်းနစ် စုပ်ယူမှုများသော မုန်ညင်း၊ မုန်လာ၊ ဆလတ်၊ ကန်စွန်းရွက် အစရှိသော အရွက်စားဟင်းသီးဟင်းရွက်များနှင့် မုန်လာဥနီ၊ မုန်လာဥဖြူ၊ အာလူးကဲ့သို့သော ဥစားသီးနှံများစိုက်ပျိုးခြင်းကို ရှောင်ကြဉ်သင့်သည်။

**မိုးရေကြောင့် မြေဆီလွှာတိုက်စားပြီး မြစ်၊ ချောင်းများအတွင်း နုန်းအနည်ဝင်ရောက်မှုကိုလျှော့ချကာကွယ်နိုင်ရန် နုန်းပို့ချ၍ တိမ်ကောလာသည့် မြစ်၊ ချောင်း၊ ရိုးများကို ပြန်လည်တူးဖော်၍ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အမှိုက်နှင့်အညစ်အကြေးများကို ချောင်း၊ မြောင်းများအတွင်းသို့စွန့်ပစ်ခြင်းတို့ကို ကာကွယ်တားဆီးခြင်း၊ မြို့ရွာများအတွင်းရှိ ရေနုတ်မြောင်း/ချောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းခြင်းကို နိုင်ငံတော်နှင့် ပြည်သူလူထုလက်တွဲ၍ ဝိုင်းဝန်းစောင့်ရှောက်ကာကွယ်ထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော ရေကြီးနစ်မြုပ်မှုအန္တရာယ်ကို ကာကွယ်သွားနိုင်မည်ဖြစ် . . .**

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် မိုးရွာသွန်းမှုပုံစံမမှန်၍ မိုးများပြီး ရေကြီးနစ်မြုပ်မှုများ၊ မြေပြိုမှုများဖြစ်ပေါ်လျက်ရှိရာ ထိုဖြစ်စဉ်များမှ ရေကြီးနစ်မြုပ်မှုအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်ကာကွယ်နိုင်ရန်အတွက် မိုးရေကြောင့် မြေဆီလွှာတိုက်စားပြီး မြစ်၊ ချောင်းများအတွင်း နုန်းအနည်ဝင်ရောက်မှုကို လျှော့ချကာကွယ်နိုင်ရန် နုန်းပို့ချ၍ တိမ်ကောလာသည့် မြစ်၊ ချောင်း၊ ရိုးများကို ပြန်လည်တူးဖော်၍ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ အမှိုက်နှင့်အညစ်အကြေးများကို ချောင်း၊ မြောင်းများအတွင်းသို့ စွန့်ပစ်ခြင်းတို့ကို ကာကွယ်တားဆီးခြင်း၊ မြို့ရွာများအတွင်းရှိရေနုတ်မြောင်း/ချောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းခြင်းကို နိုင်ငံတော်နှင့် ပြည်သူလူထုလက်တွဲ၍ ဝိုင်းဝန်းစောင့်ရှောက်ကာကွယ်ထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော ရေကြီးနစ်မြုပ်မှုအန္တရာယ်ကို ကာကွယ်သွားနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါသည်။ ။

**ဒေါက်တာမူ(စိုက်ပျိုးရေး)**

# ၂၀၂၆ ခုနှစ် ဩဂုတ်လ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၂

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၉၁ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၁၄ မီလီမီတာမှ ၂၅ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၂၆ မီလီမီတာမှ ၃၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (စိုစွတ်) အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။

**(မိုး/ဇလ)**



# သဲကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

သဲကုန်း ဩဂုတ် ၁၂

ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗဟုသုတနှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရန်၊ စာဖတ်ရှိန်မြှင့်မားစေရန်နှင့် လူအများရှေ့တွင်ပြောဆိုတတ်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းတွင် အခြေခံပညာအလယ်တန်းကျောင်း(အောင်ကုန်း)၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်း (အောင်ကုန်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အခြေခံပညာအလယ်တန်းကျောင်း (အောင်ကုန်း) မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြပြီး ကျောင်းသား၊ ကျောင်းသူများကသိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့်သုတ၊ ရသရရှိစေမည့်စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်းသိရသည်။ **ကိုကျော်(သဲကုန်း)**

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းဆွေးနွေး

ဟင်္သာတ ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေဝင့်ရွှေရည်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုစတင်ရာ ဒုတိယဦးစီးမှူး ဒေါ်မေဝင့်ရွှေရည်က အစီအစဉ်ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်အားကစားခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခြင်းဖြင့် အပြန်အလှန်နှီးနှောဖလှယ်နိုင်သည့်စင်မြင့်တစ်ခုအဖြစ် ဖန်တီးပုံဖော်ခဲ့ကြသည်။

ယင်းနောက်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှမူးယစ်ဆေးဝါးအသိပညာပေး၊ မီးခိုးမြူငွေ့အသိပညာပေး၊ သဘာဝဘေးအသိပညာပေး နံရံကပ်စာစောင်တို့ကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားတက်ကြွစွာကြည့်ရှုလေ့လာကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေဝင့်ရွှေရည်နှင့် ဝန်ထမ်းများ၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# ပေါင်မြို့နယ်၌ မှုခင်းကျဆင်းရေးနှင့်ဥပဒေအသိပညာပေးဟောပြောပွဲကျင်းပ



ပေါင် ဩဂုတ် ၁၂

မွန်ပြည်နယ် ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဆင်ဖြူရပ်)၌ မှုခင်းကျဆင်းရေးနှင့် ဥပဒေအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်၊ မုတ္တမစခန်းမှူး ရဲအုပ်ဝင်းညွန့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာစိုး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းထက်ထက်ဟန်၊ မြို့နယ်တိုင်းရင်းဆေးကုဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသီတာစိုး၊ အခြေခံပညာအထက်တန်းကျောင်း (ဆင်ဖြူရပ်) ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းသီတာလွင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မုတ္တမစခန်းမှူး ရဲအုပ်ဝင်းညွန့်က လူကုန်ကူးမှုအကြောင်းသိကောင်းစရာ အသိပညာပေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသီတာစိုးက ကျန်းမာသော နေထိုင်စားသောက်မှုအတွက် ဆောင်ရန်၊ ရှောင်ရန် အသိပညာပေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းထက်ထက်ဟန်က မုန်တိုင်းဘေးအန္တရာယ် အသိပညာပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုး၏ အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြသည်။ ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ပါဝင်ဆွေးနွေးခဲ့သူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (ဆင်ဖြူရပ်) ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းသီတာလွင်က ကျေးဇူးတင်စကားပြောကြားပြီး သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများထံ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# မုံရွာမြို့ လူထုအခြေပြုဗဟိုဌာန၌ ကွန်ပျူတာအခြေခံသင်တန်းဖွင့်

မုံရွာ ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၃/၂၀၂၆) ဖွင့်ပွဲကို ဩဂုတ်လ ၁၁ ရက်က မုံရွာမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ကျင်းပရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။


ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မုံရွာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

အဆိုပါကွန်ပျူတာအခြေခံသင်တန်းကို သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်ခြင်းဖြစ်ပြီး စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ခင်ငြိမ်းသူ(ပြန်/ဆက်)

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မိုင်းယန်း | ၃၅˚C |
| ကျောက်ဆည်(လွန်ကျော်) | ၃၄.၈˚C |
| မုံရွာ | ၃၄.၈˚C |
| ကိုကိုးကျွန်း | ၃၄˚C |
| ခန္တီး | ၃၄˚C |
| မြိတ် | ၃၄˚C |
| ကော့သောင်း | ၃၄˚C |
| ကလေးဝ | ၃၃.၈˚C |
| စစ်ကိုင်း | ၃၃.၇˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကျောက်ဖြူ | (၆.၁၄)လက်မ |
| ဘိုကလေး | (၄.၉၀)လက်မ |
| မော်လမြိုင်ကျွန်း | (၄.၀၆)လက်မ |
| ကျိုက်လတ် | (၃.၄၀)လက်မ |
| ဒေးဒရဲ | (၃.၃၅)လက်မ |
| ပိုင်ကျုံ | (၃.၃၅)လက်မ |
| ပူတာအို | (၃.၁၉)လက်မ |
| ထားဝယ် | (၃.၁၁)လက်မ |
| မြောင်းမြ | (၂.၅၆)လက်မ |
| မအူပင် | (၂.၅၂)လက်မ |
| ကွမ်းခြံကုန်း | (၂.၄၈)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၂ |
| ရှမ်း(မြောက်) | ၂၂ | ၃၂ |
| ရှမ်း(အရှေ့) | ၂၃ | ၃၁ |
| ရှမ်း(တောင်) | ၁၉ | ၂၇ |
| ချင်း | ၁၇ | ၂၁ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၁ |
| မန္တလေး | ၂၆ | ၃၅ |
| မကွေး | ၂၅ | ၃၁ |
| ရခိုင် | ၂၅ | ၂၉ |
| ပဲခူး | ၂၃ | ၃၀ |
| ရန်ကုန် | ၂၄ | ၃၁ |
| ဧရာဝတီ | ၂၅ | ၃၀ |
| ကယား | ၂၀ | ၂၈ |
| ကရင် | ၂၃ | ၂၉ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၅ | ၃၀ |

# ဆီဆိုင်မြို့နယ် ဒုံလိတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

ဆီဆိုင် ဩဂုတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဒုံလိတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ်လ ၁၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးနှင့်ဝန်ထမ်းများက ဒုံလိတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၃ ဒသမ ၁၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒုံလိတန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၀ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ငွေကျပ် ၄၃ ဒသမ ၁၅ သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဥရောပဘောလုံးအဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီမှစတင်ပြီး Clear Line စနစ်ကို စတင်အသုံးပြုမည်




ဇူးရစ်ချ် ဩဂုတ် ၁၂

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က လာမည့်ဘောလုံးရာသီမှစတင်ပြီး လက်ရှိကျင့်သုံးနေသည့် ဗီဒီယိုအကူဒိုင်စနစ်(Video Assistant Referee-VAR) အပြင် Clear Line စနစ်ကိုပါ စတင်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ကမ္ဘာ့ဘောလုံးလောကရှိ ပြိုင်ပွဲအများစုတွင် ပြီးခဲ့သည့် နှစ်အနည်းငယ်ကစတင်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ ကြီးမှူးကျင်းပနေသည့် ပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်လူကြီးများ ဆုံးဖြတ်ချက်အတွက် အထောက်အကူပြုစေရန် ဗီဒီယိုအကူဒိုင်စနစ်(VAR) ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိသော်လည်း အဆိုပါစနစ်နှင့်ပတ်သက်ပြီး ထိပ်တန်းအဆင့်ရှိ လိဂ်ပြိုင်ပွဲကြီးများတွင် အငြင်းပွားမှုများရှိနေဆဲဖြစ်သည်။

ဗီဒီယိုအကူဒိုင်စနစ် (VAR) သည် အငြင်းပွားမှုများရှိနေဆဲဖြစ်သည့်အပြင် ပွဲကစားချိန်များလည်း လစ်ဟင်းမှုများရှိနေသည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်က ဗီဒီယိုအကူဒိုင်စနစ် (VAR) ကဲ့သို့ Clear Line စနစ်ကို စတင်ကျင့်သုံးရန် စီစဉ်နေခြင်းဖြစ်သည်။

Clear Line စနစ်သည် ပွဲကစားချိန်အတွင်း ဒိုင်လူကြီးများအနေဖြင့် ဆုံးဖြတ်ရခက်သည့်အချိန်တွင် ဗီဒီယိုအကူဒိုင်စနစ် (VAR) ဖြင့် မဆုံးဖြတ်မီ Clear Line စနစ်ဖြင့် အငြင်းပွားမှုများကို ပြန်လည်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ပြီး အဆိုပါ Clear Line စနစ်သည် ဒိုင်လူကြီးများဆုံးဖြတ်ချက်ချမှတ်ရန် အချက် ၁၅၀ ကျော်အထိ ဗီဒီယိုဖိုင်ဖြင့် အသေးစိတ်ပြသပေးမည်ဖြစ်သည်။

အဆိုပါ Clear Line စနစ်ဖြင့် ဆုံးဖြတ်ရန်ခက်ခဲသည့်အချိန်မှသာလျှင် ဗီဒီယိုအကူဒိုင်စနစ်(VAR) ဖြင့် ပြန်လည်ကြည့်ရှုဆုံးဖြတ်မည်ဖြစ်သည်။

လက်ရှိတွင် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)တို့ကြား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာသတ်မှတ်ရောင်းချမည့်ကိစ္စကြောင့် တင်းမာနေချိန်တွင် ဥရောပဘောလုံးအဖွဲ့ချုပ်က ဗီဒီယိုအကူဒိုင်စနစ် (VAR) အစား Clear Line စနစ်ကို စတင်အသုံးပြုရန် စီစဉ်လာခြင်းဖြစ်ကြောင်း သိရသည်။ *Ref;L'Equipe*

## နွေရာသီကစားသမား အပြောင်းအရွှေ့သတင်းတိုများ

❍ တူကီယဲထိပ်တန်းကလပ် ဘီဆစ်တပ်အသင်းက ဂျူဗင်တပ်စ်အသင်းမှ တိုက်စစ်ကစားသမား ဗလာဟိုဗစ်ချ်ကို သုံးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ပြောင်းရွှေ့ကြေးကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။

❍ နာပိုလီအသင်းက ရောင်းချရန် ဆုံးဖြတ်ထားသည့် ဝါရင့်တိုက်စစ်ကစားသမား လူကာကူကို တူကီယဲထိပ်တန်းကလပ် ဖီနာဘာချီအသင်းက ပြောင်းရွှေ့ကြေးစတာလင်ပေါင် ခြောက်သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

❍ ချယ်လ်ဆီးအသင်းက အသင်းမှ တောင်ပံတိုက်စစ်ကစားသမား မူဒရစ်ကို လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အပြီးသတ်ရောင်းချလိုနေသော်လည်း ကမ်းလှမ်းမည့်အသင်းမရှိသည့်အတွက် အငှားစာချုပ်ဖြင့် ထွက်ခွာခွင့်ပေးထားပြီး အီတလီသို့ပြောင်းရွှေ့ကစားဖွယ်ရှိနေသည်။

❍ အာဆင်နယ်အသင်းလူငယ်ကွင်းလယ်ကစားသမား လီဝှစ်စကယ်လီက အသင်းသို့ဂူမာရေးပြောင်းရွှေ့လာသည့်အတွက် ပွဲကစားခွင့်နည်းပါးနိုင်သည့် အခြေအနေများကြောင့် အသင်းမှထွက်ခွာရန်ပြင်ဆင်နေပြီး မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းကလည်း အပြိုင်ခေါ်ယူရန်ကြိုးပမ်းနေသည့်အတွက် အာဆင်နယ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ သတ်မှတ်ထားကြောင်း သိရသည်။

# မန်စီးတီးအသင်းက ရိုဒရီ၏နေရာတွင်အစားထိုးရန် ချယ်လ်ဆီးအသင်းမှ အန်ဇိုဖာနန်ဒက်ကို ခေါ်ယူရန်ကြိုးပမ်းနေ

မန်ချက်စတာ ဩဂုတ် ၁၂

မန်စီးတီးအသင်းက အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကွင်းလယ်ကစားသမား ရိုဒရီ၏နေရာတွင်အစားထိုးရန်အတွက် ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ရိုဒရီသည် ပြီးခဲ့သည့်ဘောလုံးရာသီများတွင် မန်စီးတီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများကြောင့် မကြာခဏအနားယူနေရသူဖြစ်သည်။

လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းက ရိုဒရီကို ခေါ်ယူရန် ကြိုးပမ်းနေပြီး ရိုဒရီကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားလိုနေသည့်အတွက် ဘာစီလိုနာအသင်းနှင့် ရိုဒရီတို့ကြား ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားပြီး မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းတို့ကြား ပြောင်းရွှေ့ကြေးညှိနှိုင်းရန်အတွက်သာကျန်ရှိနေပြီး ရိုဒရီကို လက်လွှတ်ရရန် နီးစပ်နေခြင်းဖြစ်သည်။

အန်ဇိုဖာနန်ဒက်သည်လည်း ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ်ပြီးနောက် အနာဂတ်မရေမရာဖြစ်နေပြီး မန်စီးတီးအသင်းက လက်ရှိ နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလ မတိုင်မီကတည်းက ခေါ်ယူရန်သတင်းများထွက်ပေါ်ခဲ့ပြီး ယခုအခါ မန်စီးတီးအသင်းနည်းပြ မာရက်စ်ကာကပါ အန်ဇိုဖာနန်ဒက်ကိုခေါ်ယူရန် တောင်းဆိုထားကြောင်း သိရသည်။ *Ref:Fabrizio Romano*




# ဒဏ်ရာပြဿနာနှင့် ထပ်မံကြုံတွေ့ခဲ့သည့် မိုနာကိုအသင်း ကွင်းလယ်ကစားသမားပေါ့ဂ်ဘာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရမည့်အရေးနှင့် ရင်ဆိုင်နေရ

ပဲရစ် ဩဂုတ် ၁၂

မိုနာကိုအသင်းဝါရင့်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် ဒဏ်ရာပြဿနာနှင့် ထပ်မံတွေ့ကြုံခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရမည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ပေါ့ဂ်ဘာသည် အစောပိုင်းနှစ်များက ဂျူဗင်တပ်စ်အသင်း၊ မန်ယူအသင်းတို့တွင် ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့ပြီး ကမ္ဘာ့အကောင်းဆုံးကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်က မန်ယူအသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ တစ်ကျော့ပြန်လည်ပြောင်းရွှေ့ခဲ့ပြီးနောက် ဒဏ်ရာပြဿနာများကြောင့် ကာလရှည်အနားယူခဲ့ရသည့်အပြင် ဒဏ်ရာမှ ပြန်လည်သက်သာလာချိန်တွင်လည်း ၂၀၂၃ ခုနှစ်က တားမြစ်ဆေးသုံးစွဲမှုဖြင့် ကာလရှည်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့်အတွက် ဘောလုံးလောကနှင့် ကာလရှည်ဝေးကွာနေသူဖြစ်သည်။

ပေါ့ဂ်ဘာသည် တားမြစ်ဆေးသုံးစွဲမှုကြောင့် ကာလရှည် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရသည့်အချိန် ၂၀၂၄ ခုနှစ်တွင် ဂျူဗင်တပ်စ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် တစ်နှစ်ကျော်ကြာ ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ၂၀၂၅ ခုနှစ်က မိုနာကိုအသင်းသို့ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ပေါ့ဂ်ဘာသည် ပြီးခဲ့သည့်ဘောလုံးရာသီက မိုနာကိုအသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း ဒဏ်ရာပြဿနာများကြောင့် ခြောက်ပွဲသာကစားနိုင်ခဲ့ပြီး ရာသီအကုန်တွင် ဒဏ်ရာမှသက်သာလာခဲ့သော်လည်း ဩဂုတ်လ ၁၁ ရက်ကပြုလုပ်ခဲ့သည့် အသင်းလေ့ကျင့်ခန်းအစီအစဉ်တွင် ဒူးဒဏ်ရာထပ်မံရရှိခဲ့ပြီးနောက် ဆက်လက်လေ့ကျင့်မှုများ လုပ်ဆောင်နိုင်ခြင်းမရှိဘဲ ဆေးအဖွဲ့ဝင်များ၏အကူအညီဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ပေါ့ဂ်ဘာအနေဖြင့်မည်သည့်အချိန်ထိထပ်မံအနားယူရမည်ကိုမသိရှိရသေးဘဲ မိုနာကိုအသင်းက ပေါ့ဂ်ဘာနှင့် စာချုပ်ဖျက်သိမ်းဖွယ်ရှိကြောင်း သိရသည်။

*Ref:Fabrizio Romano*

# ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ပုသိမ် ဩဂုတ် ၁၂

ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပြီး နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့ နံနက်ပိုင်းတွင် လေးမျက်နှာမြို့နယ်အတွင်းရှိရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ပြီး ပြည်သူများ၏တင်ပြမှုများကိုလည်း ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့ပြင် လေးမျက်နှာမြို့နယ် ဘိသလွန်ကျေးရွာ လောကချမ်းသာဘုရားကြီးကျောင်းတိုက်ရှိရေဘေးသင့်ပြည်သူများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ဆန်ရိက္ခာနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက မြွေအန္တရာယ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှုစားသုံးသူရေးရာဦးစီးဌာနကလည်း စားဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမှုကိုလည်း ကြည့်ရှုအားပေးခဲ့သည်။

ယင်းအပြင် အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ တာတမံနိမ့်ကျကာ ရေကျော်စီးဝင်သည့် ငဝန်တာနေရာအား တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်း၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ မျောတုတ်တန်း၏ အပြင်ဘက်ခြမ်းပိုမိုတောင့်တင်းခိုင်မာစေရေးအတွက် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့်သဲအိတ်များဖြည့်သွင်း၍ ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများဖြင့် Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပန်းတာရေဝင်လမ်းပိတ်ဆို့ကာကွယ်ရန် Geo Bags ချသည့် ရေယာဉ်များနှင့် သဲယာဉ်များ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေယာဉ်ငယ်များ၊ သဲစက်လှေတွဲများဖြင့် လုပ်ငန်းဆောင်ရွက်မှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဝင်ရောက်ခဲ့သည့် စစ်ကိုင်းမြို့ ရပ်ကွက်များအတွင်းရှိ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

မုံရွာ ဩဂုတ် ၁၂

ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် စစ်ကိုင်းမြို့ ကမ်းနားရှိ အနိမ့်ပိုင်းရပ်ကွက်များရေဝင်ရောက်ခဲ့သဖြင့် ဒေသခံပြည်သူများအား ယာယီရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ခဲ့ရပြီး ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။


ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက် သစ်ကနက်ဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်းကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအတွက် စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိအဆင်ပြေစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့် ကျန်းမာရေးအထူးဂရုပြုနေထိုင်ကြရန် မှာကြားပြီး ရေဘေးရှောင်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လူနေအိမ်များအတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိလေးကျွန်းမာရ်အောင်ဘုရားဝင်းအတွင်း ဖွင့်လှစ်ထားရှိသည့် ယာယီရေဘေးရှောင်စခန်း၊ ပန်းပဲတန်းရပ်ကွက် နဂါးရုံဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်း၊ နန္ဒဝန်ရပ်ကွက် အောင်ချမ်းသာဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်းနှင့် မြေဝတီရပ်ကွက် ရေဘေးရှောင်စခန်းတို့ရှိ ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ကာ လူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အဆိုပါ ယာယီရေဘေးရှောင်စခန်းများ၌ ခရိုင်/မြို့နယ်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး စစ်ကိုင်းမြို့ ဧရာဝတီမြစ်ရေထိန်းတာပေါင်များကြံ့ခိုင်မှုနှင့် ဧရာဝတီမြစ်ရေရောက်ရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်း-မင်းကွန်းကားလမ်းပေါ်ရှိ အလျား ၅၅ ပေ၊ အမြင့် ၉ ပေ ရေထိန်းနံရံပြိုကျပျက်စီးမှုကို ယာယီသဲအိတ်များဖြင့် ကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် စစ်ကိုင်း-မင်းကွန်းကားလမ်း ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်း သံကူကွန်ကရစ်ရေထိန်းနံရံများ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်း ပြန်လည်ရောက်ရှိ



**ရန်ကုန် ဩဂုတ် ၁၂**

၂၀၂၆ ခုနှစ် ဩဂုတ်လ ၄ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပခဲ့သည့် (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ISTAF WORLD SEPAKTAKRAW CHAMPIONSHIP ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုတစ်ခု၊ ငွေတံဆိပ်ဆုသုံးခု စုစုပေါင်းဆုတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများမှ ပိုက်ကျော်ခြင်းအားကစားသမားများ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်း အဖွဲ့ခေါင်းဆောင် ဦးသန်းလွင်ဦးဆောင်ပြီး အမျိုးသားအသင်းနည်းပြများအဖြစ် ဦးကျော်မင်းစိုး၊ ဦးထက်ဇော်၊ အမျိုးသမီးအသင်းနည်းပြများအဖြစ် ဦးအောင်ချိုမြင့်၊ ဒေါ်နန့်ယဉ်ယဉ်မြင့်နှင့် အမျိုးသား၊ အမျိုးသမီး အားကစားသမား ၂၄ ဦး စုစုပေါင်းအင်အား ၂၉ ဦးတို့သည်ပြိုင်ပွဲ အမျိုးအစားပေါင်းခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းသည် အမျိုးသားလေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင်အိမ်ရှင် ထိုင်းအသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ပထမ(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ထိုင်းအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ (ငွေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ (ငွေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ထိုင်းအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ(ငွေတံဆိပ်)ဆုကိုလည်းကောင်း၊ မြန်မာနိုင်ငံအတွက်စုစုပေါင်း ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်သုံးခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၁˚c |
| ရန်ကုန် | ၂၄˚c | / | ၃၁˚c |
| မန္တလေး | ၂၆˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အခြင်မ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအဝိုင်းအနီး၊ ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊ ၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၉၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**မှတ်သား ဖွယ်ရာ မိုးရေချိန်များ**

၁၂-၈-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | ပိုင်ကျုံ | ၃ | ဒသမ | ၃၅ | လက်မ |
| ကျောက်ဖြူ | ၆ | ဒသမ | ၁၄ | လက်မ | ပူတာအို | ၃ | ဒသမ | ၁၉ | လက်မ |
| ဘိုကလေး | ၄ | ဒသမ | ၉၀ | လက်မ | ထားဝယ် | ၃ | ဒသမ | ၁၁ | လက်မ |
| မော်လမြိုင်ကျွန်း | ၄ | ဒသမ | ၀၆ | လက်မ | မြောင်းမြ | ၂ | ဒသမ | ၅၆ | လက်မ |
| ကျိုက်လတ် | ၃ | ဒသမ | ၄၀ | လက်မ | မအူပင် | ၂ | ဒသမ | ၅၂ | လက်မ |
| ဒေးဒရဲ | ၃ | ဒသမ | ၃၅ | လက်မ | ကွမ်းခြံကုန်း | ၂ | ဒသမ | ၄၈ | လက်မ |

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၄/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် ဩဂုတ် ၁၂

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်”ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၄/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး

စာမျက်နှာ ၁၁ ကော်လံ ၁ ○




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်စဉ်။

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံး ပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၂

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဖူဆယ်အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဆိုပါဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ မြဝတီ

**ကော့သောင်းမြို့နယ်မှ အသက် ၁၂၁ နှစ် အဘွား ဒေါ်ပန်းနွယ်အား အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အတွက် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံးဘိုးဘွားအဖြစ် ဂုဏ်ပြုချီးမြှင့်** စာ - ၁၃ သို့



# ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၂

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် “၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ” ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပပြီး

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

**(၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်း ပြန်လည်ရောက်ရှိ** စာ - ၂၉ သို့

**ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဝင်ရောက်ခဲ့သည့် စစ်ကိုင်းမြို့ ရပ်ကွက်များအတွင်းရှိ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်** စာ - ၂၉ သို့

# လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်(၅)ခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၁ ရွာ၊ ဟင်္သာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ ပေါ်ရပ်ကွက် ၂ ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၄ ရွာ၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့

စာမျက်နှာ ၁၄ ကော်လံ ၁ ●



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းဆောင်ရွက်စဉ်။

# ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၌ ရပ်ထားသည့်မော်တော်ယာဉ်အတွင်းမှ ငွေကျပ်သိန်း ၆၀၀ ခိုးယူသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်နေ ဒေါ်xxxx(၅၂)နှစ်သည် ဩဂုတ်လ ၅ ရက်နေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်အချိန်ခန့်တွင် ကမာရွတ်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ အင်းစိန်လမ်းမပေါ်ရှိ MAB Bank အနီးလမ်းဘေး၌ ၎င်းပိုင် YGN-8 2F-xxxx NISSAN MARCH မော်တော်ယာဉ်အား Lock ချရပ်တန့်ကာ MAB Bank အတွင်းသို့ ငွေအပ်နှံရန်အတွက် ၆ မိနစ်ခန့်သွားရောက်စုံစမ်း၍ ပြန်လည်ထွက်ခွာလာပြီး မော်တော်ယာဉ်တံခါးဖွင့်၍ စစ်ဆေးစဉ် မော်တော်ယာဉ်၏နောက်ခန်းတွင်ထားရှိခဲ့သော ငွေကျပ်သိန်း ၆၀၀ မှာ

စာမျက်နှာ ၂၄ ကော်လံ ၁ ❖